# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# နဝမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း | ၅ |
| ၆ | သရက်-မင်းဘူးမီးရထားလမ်းပိုင်းအား ယခုထက်ပိုမိုတိုးတက်အောင် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | စေတုတ္တရာမြို့ရှိ လေယာဉ်ကွင်းဟောင်းအား လေယာဉ်များ ဆင်းသက်ရန်နှင့်လေယာဉ်ကွင်းအဖြစ် ဆက်လက်အသုံးပြုရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၈ |
| ၈ | မိုင်းပန်မြို့နယ်၊ နောင်လုံအင်းတိမ်ကောရေခန်းခြောက်မှုအား တူးဖော်ပြုပြင်ထိန်းသိမ်းပေးနိုင်ရန်နှင့် ၎င်းအင်းအတွင်း စိုက်ပျိုးမြေများ ကျူးကျော်ချဲ့ထွင်လာခြင်းအတွက် နောင်လုံအင်း ရေဝေဇရိယာအား ယခင်အတိုင်း တိကျစွာသတ်မှတ်တိုင်းတာပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | မြန်မာနိုင်ငံအလယ်ပိုင်းထန်းပင်နှင့် ထန်းတောများ ထိန်းသိမ်းရေးနှင့် ထန်းတောင်သူများဘဝ တိုးတက်မြင့်မားစေရန်အတွက် အလေးထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၁၀ | ပေါက်တောမြို့ကို ၆၄လက်မ တစ်မိုင်စကေးဖြင့် မြို့မြေတိုင်းတာ တွက်ချက် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၁ | ဗန်းမော်မြို့အနီးရှိ ဟဲထန်ဆည်အား တာပေါင်ပြုပြင်ထိန်းသိမ်းခြင်း၊ ရေလွှဲတံခါးတပ်ဆင်ခြင်းနှင့် ဆည်ရေမြောင်း စနစ်တကျ တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |

၁၂ ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော များနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့်ပြုချက်အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ်ရယူထားမှုများ၌ ကာလအတန်ကြာလုပ်ကိုင်ခဲ့ကြသော မူလ တောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ များဖြင့်ပြန်လည်စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း ၂၁

၁၃ ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၂၇

၁၄ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက တင်သွင်း သည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ပြင်ဆင်ချက်ဖြင့်တည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၂၈

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၂၉

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

## နဝမနေ့ အစီအစဉ်

## [ ၆–၁၁–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **သရက်–မင်းဘူးမီးရထားလမ်းပိုင်းအား ယခုထက်ပိုမိုတိုးတက်အောင် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့ရှိ လေယာဉ်ကွင်းဟောင်းအား လေယာဉ်များ ဆင်းသက်ရန်နှင့် လေယာဉ်ကွင်းအဖြစ် ဆက်လက်အသုံးပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုင်းပန်မြို့နယ်၊ နောင်လုံအင်း တိမ်ကောရေခမ်းခြောက်မှုအား တူးဖော်ပြုပြင်ထိန်းသိမ်းပေးနိုင်ရန်နှင့် ၎င်းအင်းအတွင်း စိုက်ပျိုးမြေများ ကျူးကျော်ချဲ့ထွင်လာခြင်းအတွက် နောင်လုံအင်း ရေဝေဧရိယာအား ယခင်အတိုင်း တိကျစွာ သတ်မှတ်တိုင်းတာပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအလယ်ပိုင်း ထန်းပင်နှင့် ထန်းတောများ ထိန်းသိမ်းရေးနှင့် ထန်းတောင်သူများ ဘဝ တိုးတက်မြင့်မားစေရန်အတွက် အလေးထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကျော်ဖိ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့ကို ၆၄ လက်မ တစ်မိုင်စကေးဖြင့် မြို့မြေတိုင်းတာ တွက်ချက်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်စိုး၊ ဗန်းမောက် မဲဆန္ဒနယ်၏ **ဗန်းမောက်မြို့အနီးရှိ ဟဲထန်ဆည်အား တာပေါင်ပြုပြင်ထိန်းသိမ်းခြင်း၊ ရေလွှဲတံခါး တပ်ဆင်ခြင်းနှင့်ဆည်ရေမြောင်း စနစ်တကျ တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်က **"သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့် ခွင့်ပြုချက်အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ် ရယူထားမှုများ၌ ကာလအတန်ကြာ လုပ်ကိုင်ခဲ့ကြသော မူလတောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်း**

**ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ် ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသည့် **"ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်ကျော် ၃ ရက်
## (၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၆၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၆၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၆၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၅ ရက်၊
(၂) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်၊
(၃) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊
(၄) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၅ ရက်၊
(၅) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊
(၆) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊
(၇) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၅ ရက်၊
(၈) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊
(၉) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမွန်း ခွင့် ၁ ရက်၊
(၁၀) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၁ ရက်၊
(၁၁) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊
(၁၂) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၅ ရက်၊
(၁၃) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၁၄) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊
(၁၅) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၁၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊
(၁၇) မန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၃ ရက်၊
(၁၈) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအောလူး ခွင့် ၁ ရက်၊

(၁၉) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မိုးမိုးအောင် ခွင့် ၁ ရက်၊
(၂၀) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊
(၂၁) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊
(၂၂) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊
(၂၃) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊
(၂၄) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၂ ရက်၊
(၂၅) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၅ ရက်၊
(၂၆) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၁ ရက်၊
(၂၇) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၂ ရက်၊
(၂၈) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၂၉) တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး ခွင့် ၁ ရက်၊
(၃၀) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၁ ရက်၊
(၃၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊
(၃၂) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၁ ရက်၊
(၃၃) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊
(၃၄) ကဝမဲဆန္ဒနယ်မှ ဦးလှသန်း ခွင့် ၁ ရက်၊
(၃၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၅ ရက်၊
(၃၆) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၅ ရက်၊
(၃၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၃ ရက်၊
(၃၈) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊
(၃၉) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊
(၄၀) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊
(၄၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၅ ရက်၊
(၄၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၄၃) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊
(၄၄) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊
(၄၅) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊
(၄၆) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၄၇) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၂ ရက်၊
(၄၈) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊
(၄၉) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင် ခွင့် ၁ ရက်၊
(၅၀) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊
(၅၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊
(၅၂) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊

(၅၃) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၄ ရက်၊
(၅၄) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၂ ရက်၊
(၅၅) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၃ ရက်၊
(၅၆) မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ဦးပေါခင် ခွင့် ၅ ရက်၊
(၅၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ ခွင့် ၃ ရက်၊
(၅၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးလွင်အောင်စိုး ခွင့် ၃ ရက်၊
(၅၉) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊
(၆၀) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၅ ရက်၊
(၆၁) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၅ ရက်၊
(၆၂) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊
(၆၃) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၅ ရက်၊
(၆၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၆၅) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၅ ရက်၊
(၆၆) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးဌေး ခွင့် ၂ ရက်၊
(၆၇) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးရန်ကျင်းကန် ခွင့် ၅ ရက်နှင့်
(၆၈) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁၂ ရက်တို့ ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၆၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၇၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**သရက်-မင်းဘူးမီးရထားလမ်းပိုင်းအား ယခုထက်ပိုမိုတိုးတက်အောင် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့အကြောင်းအရာကတော့ သက်ဆိုင်ရာကို သရက်-မင်းဘူးမီးရထားလမ်းပိုင်း ဝင်ငွေလျာထားချက်နဲ့၊ လအလိုက်ဝင်ငွေလျာထားချက်နဲ့ လမ်းပိုင်းမကောင်းတဲ့အခြေအနေ၊ အဆင်မပြေတဲ့အခြေအနေကို ကျွန်တော် ပြည်သူလူထုထံမှ သက်ဆိုင်ရာသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ သရက်-မင်းဘူးမီးရထားလမ်းပိုင်းဟာ ၈၃ မိုင်နဲ့ ၂ ဖာလုံရှိပြီးတော့ မနက်ကို ၅ နာရီလောက်ထွက်ပြီးတော့မှ မင်းဘူးကို ၁၀း၃၀၊ ၁၁း၀၀ နာရီလောက်ရောက်ပြီးတော့ မင်းဘူးက ၁း၃၀ ထွက်ပြီးတော့ ည ၈း၃၀ လောက်မှာ သရက်ကိုပြန်ဝင်ပါတယ်။ အဲဒီတော့ ကျွန်တော် သွားပြီးတော့ အမြဲတမ်းစစ်တဲ့အခါမှာ မီးရထားရပ်က မန္တလေး Target ပေါ့။ လစဉ်ဝင်ငွေဟာ အမြဲတမ်းကျဆင်းနေပါတယ်။ ထိုနည်းတူပဲ လမ်းပိုင်းကလည်း လုံးဝသွားလာလို့အဆင်မပြေတဲ့အခြေအနေဖြစ်ပါတယ်။ ကျွန်တော်တို့ Financial Regulation Principle တွေအရ ရငွေကိုကောက်ခံတဲ့နေရာမှာ လျာထားချက်ကိုပြည့်ဝစွာ ကောက်ခံရရှိမှုရှိ/မရှိ၊ အသုံးစရိတ်များကို ထိရောက်စွာအသုံးပြုမှုရှိ/မရှိဆိုတဲ့မူတွေရှိပါတယ်။ ဒီနေရာမှာ မီးရထားဟာ လစဉ်ဝင်ငွေကိုလည်း လျာထားချက်ကိုမမီတာဖြစ်ပါတယ်။ နောက်တစ်ခုက အသုံးစရိတ်ကိုလည်း ထိရောက်တွင်ကျယ်စွာသုံးနိုင်မှု၊ အကျိုးရှိစွာ မသုံးနိုင်တဲ့အခြေအနေမှာ ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် မတ်လအထိဟာ ပြင်ဆင်စရိတ်က ၂၀.၄၀၆ သန်း၊ လမ်းခင်းကျောက်က ကျင်း ၂၀၀ ကို ၁၇.၆၉၆ ကျပ်သန်း၊ နောက် လမ်းခင်းကျောက်ထည့်သွင်းခြင်း ၁.၂၂၆ သန်း ခွင့်ပြုချထားပေမဲ့ ကျွန်တော်သွားရောက်စစ်တဲ့အခါမှာ မြေနီလေးတွေပဲချထားတာ တွေ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ ဒါဟာ လအလိုက် Target နဲ့ ကျွန်တော်တို့အမှန်ကောက်ခံရငွေနဲ့ အမြဲတမ်းကွာခြားပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဘာလဲ ဆိုတော့ Operating Ratio တစ်နည်းအားဖြင့် Performance Ratio အရ ကျွန်တော်တို့က ရတဲ့ လျာထားချက်ရငွေနဲ့ အမှန်ကောက်ခံရငွေနဲ့ နှိုင်းယှဉ်လိုက်ရင်လည်း အချိုးကမမီပါဘူး။ နောက် အသုံးစရိတ်မှာလည်း ထိုနည်းတူပဲ အစောတုန်းက ကျွန်တော်တင်ပြသလို အသုံးစရိတ်တွေခွင့်ပြု ပေမဲ့လည်း တကယ့်တကယ်ကျခံသုံးစွဲတဲ့နေရာမှာ ကျွန်တော်သွားရောက်စစ်တဲ့အခါမှာ မြေနီလေးတွေ ပုံထားတာ ဒါတွေပဲရှိပါတယ်။ မီးရထားလမ်းရဲ့အခြေအနေက အဲဒီလိုရှိပါတယ်။ အဲဒီလိုပဲ ကျွန်တော်

တို့သွားတဲ့အခါမှာ ကွက်ကြီးဖြစ်နေပြီးတော့ ဇလီဖားတုန်းတွေနဲ့ အဲဒီလိုခုထားရတယ်။ အဲဒီနေရာမှာ စက်သတ်ပြီးတော့ ဖြည်းဖြည်းပဲသွားရပါတယ်။ အခုပိတ်ရက်မှာ ကျွန်တော်သွားပေမဲ့လည်း မပြင်ရသေးပါဘူး။ သံလမ်းတွေကလည်းကွေးပြီးတော့ နောက်လမ်းတွေက အမြဲတမ်းတစ်စောင်းကြီး ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်သွားတဲ့အခါမှာ မီးရထားလမ်းဟာ ရေပေါ်မှာလှိုင်းစီးနေရသလို ဖြစ်နေတယ်။ အဲဒီတော့ ဒီကျေးရွာကလူတွေကလည်း ဒီမီးရထားလမ်းကိုအားကိုးနေပြီးတော့ အကုန်လုံးက မီးရထားလမ်းကိုစိတ်ပျက်နေကြပါတယ်။ အဲဒါကြောင့် ကျွန်တော် စောစောကပြောတဲ့ လုပ်ငန်းအချိုးတွေ၊ လူမှုရေးနဲ့ပတ်သက်တဲ့အကျိုးအမြတ်မရှိတာတွေ၊ စီးပွားရေး။ အဲဒါတွေကို သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ ရှေ့မှာဘယ်လိုစီမံဆောင်ရွက်ရမလဲဆိုတာ ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်၏ သရက်-မင်းဘူးမီးရထားလမ်းပိုင်းအား ယခုထက်ပိုမိုတိုးတက်အောင် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ဖြေကြားသွားမှာဖြစ်ပါတယ်။

ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းခရီးမိုင် ၃၂၁.၆၅ မိုင်ကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဖောက်လုပ်ပြီးစီးခဲ့တဲ့အတွက် ရထားများပြေးဆွဲခဲ့ပါတယ်။ သို့ရာတွင် အဆိုပါလမ်းပိုင်းမှာ ခရီးသည်စီးနင်းမှုနည်းပါးတဲ့ မင်းဘူး-ဆင်ဖြူကျွန်း၊ ဆင်ဖြူကျွန်း-ဆိပ်ဖြူနှင့် ဆင်ဖြူကျွန်း-ပခုက္ကူခရီးစဉ်အသီးသီးကို ၂၀၁၂ ခုနှစ်အတွင်းမှာပင် ရထားပြေးဆွဲမှုရပ်နားခဲ့ပြီး ကြံခင်း-ဥသျှစ်ပင်-သရက်ခရီးစဉ်ကို ၂၀၁၆ ခုနှစ် ၆ လပိုင်းမှစ၍ရထားပြေးဆွဲမှုရပ်နားထားခဲ့ရပါတယ်။ ဒေသလိုအပ်ချက်အရလည်းကောင်း၊ ရထားစီးခရီးသည်စီးနင်းမှုအခြေအနေအရလည်းကောင်း၊ မင်းဘူး-သရက်ခရီးစဉ်နှင့် ဆိပ်ဖြူ-ကျွန်းချောင်း-ပခုက္ကူခရီးစဉ်တို့ကိုသာ မြန်မာ့မီးရထားမှလူစီးရထားများကို အရှုံးခံပြေးဆွဲပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ သရက်မြို့မှမင်းဘူးမြို့သို့ ဘူတာအလိုက်ခရီးစဉ်နှင့်အထွေထွေဝင်ငွေလျော့ထားချက်အား အမှန်တကယ်စွမ်းဆောင်နိုင်မှုမရှိခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရပါလျှင် မြန်မာ့မီးရထားအနေဖြင့် မင်းဘူး-သရက်လမ်းပိုင်းမှာ မင်းဘူး(၁/၂) အဆန်/အစုန်ရထားနှစ်စီးကို ၂၀၁၀ ခုနှစ် ၉ လပိုင်းမှစတင်၍ ယနေ့အချိန်အထိ မင်းဘူးဘူတာမှ သရက်ဘူတာအထိ ဘူတာ ၂၆ ဘူတာပြေးဆွဲပေးလျက်ရှိပါတယ်။

အဲဒီရထားလမ်းပိုင်းဖွင့်လှစ်ခဲ့စဉ်က ကားလမ်းများ မဖွံ့ဖြိုးသေးခြင်းကြောင့် ရထားကို အဓိကထားစီးနင်းခဲ့ကြသော်လည်း ၂၀၁၁ ခုနှစ်နောက်ပိုင်းမှစပြီးတော့ နိုင်ငံတော်၏စီမံကိန်းများကြောင့် ကားလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာခြင်းကြောင့်လည်းကောင်း၊ မော်တော်ယာဉ်မူဝါဒပြောင်းလဲခဲ့မှုကြောင့် ပြည်သူအများစုမှာ ကိုယ်ပိုင်ယာဉ်များဝယ်ယူသုံးစွဲမှုများပြားလာခြင်းကြောင့်လည်းကောင်း၊ ရထားစီးခရီးသည်များလျော့နည်းကာ ဝင်ငွေများကျဆင်းလာခဲ့ပါတယ်။ မင်းဘူး-သရက်လမ်းပိုင်း လျာထားချက်ကိန်းဂဏန်းများဟာ နှစ် ၃၀ စီမံကိန်းရည်မှန်းချက်အပေါ် ကြိုတင်လျာထားရေးဆွဲခဲ့ခြင်းဖြစ်သဖြင့် အမှန်တကယ်စွမ်းဆောင်ချက် ဝင်ငွေက လျာထားချက်ဝင်ငွေထက် လျော့နည်းခဲ့ရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

သရက်-မင်းဘူးရထားလမ်းပိုင်းဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို ခရီးမိုင် ၇၈.၁ မိုင်ရှိပြီး သံလမ်းမိုင် ၈၃.၂ မိုင်ရှိပါတယ်။ အဆိုပါလမ်းပိုင်းမှာ RBE လူစီးရထားနေ့စဉ် (စုန်/ဆန်)ပြေးဆွဲလျက်ရှိပါတယ်။ နိုင်ငံတကာစံနှုန်းအရ စံချိန်မီရထားလမ်းတစ်ခုကိုဖောက်လုပ်လျှင် တစ်ကီလိုမီတာကို အမေရိကန်ဒေါ်လာ ၃.၁၁ သန်းနှုန်းဖြင့် အဆိုပြုဖောက်လုပ်ခဲ့ကြသော်လည်း ယခုလမ်းပိုင်းကို တစ်ကီလိုမီတာ အမေရိကန်ဒေါ်လာ ၀.၂၄၆ သန်းခန့်ဖြင့်သာ ဖောက်လုပ်ခဲ့ရပါတယ်။ သရက်-မင်းဘူးလမ်းပိုင်းမှာ ဖွဲ့စည်းပုံအရ သံလမ်းလုပ်သားအင်အား ၁၀၀ ဦး လိုအပ်သော်လည်း လက်ရှိမှာလုပ်သားဦးရေ ၂၇ ဦးဖြင့်သာ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရလျက်ရှိပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ဆောက်လုပ်ရေးခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၀၀ ပါရှိသည့်အနက် သရက်-မင်းဘူးရထားလမ်းပိုင်းတောင့်တင်းကြံ့ခိုင်ရေးအတွက် လမ်းခင်းကျောက် ကျင်း ၅၅၀ ကို လမ်းပိုင်းအတွင်း ထည့်သွင်းခြင်း၊ တာပေါင်များမှာ တာပခုံးမြေသားကျင်း ၁၁၂၀ ပြုပြင်ခြင်း၊ လမ်းဘေးရေမြောင်း ပေ ၇၇၀ တူးဖော်ခြင်းနှင့် ၁၄ မိုင်ကို လမ်းမြောက်ပက်ကင်ရိုက်ခြင်း စသည့်လုပ်ငန်းများကို ဘဏ္ဍာငွေကျပ် ၇၅.၁၈၅ သန်း အကုန်အကျခံ၍ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ဆောက်လုပ်ရေးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၄၀ ပါရှိသည့်အနက် သရက်-မင်းဘူးလမ်းပိုင်းရှိ ကြာကန်-သာဝတ္တိကြားမှာ ရေခြားတာပေါင်များ၊ သဲအိတ်စီထပ်ပြုပြင်ခြင်း၊ ဆင်လမ်းကြီး-မင်းဘူးကြားမှာ ရထားလမ်းဘေး ကျင်း ၁၀၀ ရေမြောင်းတူးခြင်း၊ ရထားလမ်းတာပခုံး ပြုပြင်ခြင်း၊ သရက်-ကြာကန်ကြားမှာ လက်ကျန်လမ်းခင်းကျောက် ၁၆၂ ကျင်းဖြည့်တင်းခြင်းနှင့် ၁၈ မိုင်ကို လမ်းမြောက်ပက်ကင်ရိုက်ခြင်းစတဲ့ လုပ်ငန်းများဆောင်ရွက်ရန် လျာထားပြီးငွေကျပ် ၁၂.၅၆ သန်းခန့် ကျခံသုံးစွဲ၍ ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ သရက်-မင်းဘူးလမ်းပိုင်းတောင့်တင်းခိုင်မာရေးအတွက် နိမ့်ကျုံပြီးမျက်နှာပြင်ကျဉ်းသော ရထားလမ်းတာပေါင်များအား မြေပြန်ဖို့ခြင်း၊ တောင်ပြိုမြေများဖယ်ရှားခြင်းနှင့် ရထားလမ်းဘေးရေမြောင်းများတူးခြင်း၊ ရေစားတာပေါင်များအား ရေကာတန်းများရိုက်ခြင်း၊ တံတားလေးစင်းရေထွက်ဘက်မှာ ကျောက်ကြီးဖြည့်သံဇကာများပြုလုပ်

ခြင်း၊ တံတားတစ်စင်းမှာ ရေလမ်းကြောင်းထိန်းသိမ်းပေးခြင်း၊ မြေထိန်းနံရံများပြုလုပ်ခြင်း၊ ကွန်ကရစ် ဇလီဖားများလဲလှယ်ခြင်းနှင့် လမ်းခင်းကျောက်ဖြည့်တင်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရှိပြီးခွင့်ပြု ဘဏ္ဍာငွေရရှိမှုပေါ် မူတည်၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြံခင်း-ပခုက္ကူရထားလမ်းဟာဆိုရင် ဧရာဝတီမြစ်အနောက်ခြမ်းမှာ စီးပွားရေးတွက်ခြေကိုက်မှု တွက်ချက်လေ့လာခြင်းမရှိဘဲ ဖောက်လုပ်ခဲ့ခြင်း၊ ၂၀ ရာစုမှာရှိသင့်တဲ့ ရထားလမ်းမျိုးမဟုတ်ဘဲ မော်တော်ကားလမ်းကဲ့သို့ အမြန်နှုန်းနှင့် ဝန်ဆောင်မှုကောင်းအောင် မဆောင်ရွက်ထားခြင်းတို့ကြောင့် သရက်-မင်းဘူးလမ်းပိုင်းသာမကဘဲ ကြံခင်း-ပခုက္ကူရထားလမ်းပိုင်း တစ်ခုလုံးကို အစအဆုံးပြန်လည်စိစစ်၍ ပြုပြင်တည်ဆောက်ရမှာဖြစ်ပါတယ်။ သို့ရာတွင် ယခုအခါ မြန်မာနိုင်ငံရဲ့ ရထားကွန်ရက်တစ်ခုလုံးအတွက်အရေးပါတဲ့ ရန်ကုန်-မန္တလေးလမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတို့ကို ဦးစားပေးပြုပြင် မွမ်းမံ၍ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏လိုအပ်ချက် ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်သွားရမှာ ဖြစ်သဖြင့် သရက်-မင်းဘူးလမ်းပိုင်းကို ရထားများဘေးအန္တရာယ်ကင်းစွာ ခုတ်မောင်းနိုင်ရေး အတွက်သာ ထိန်းသိမ်းဆောင်ရွက်နေရပါကြောင်းနှင့် အဆင့်မြင့်ပြုပြင်နိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စေတုတ္တရာမြို့ရှိ လေယာဉ်ကွင်းဟောင်းအား လေယာဉ်များ ဆင်းသက်ရန်နှင့် လေယာဉ်ကွင်းအဖြစ် ဆက်လက်အသုံးပြုရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ နှစ် ၃၀ ကျော် အသုံးမပြုတော့တဲ့ လေယာဉ်ကွင်းဟောင်းကို ပြည်သူများလိုအပ်ချက်အတွက် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ စေတုတ္တရာ လေယာဉ်ကွင်းကို ၁၉၆၁ ခုနှစ်မှာ တစ်မြို့နယ်လုံးက ပြည်သူလူထုရဲ့ လုပ်အားနှင့် ကိုယ့်ထမင်း ကိုယ်စားလုပ်အားပေး တည်ဆောက်ခဲ့ကြပါတယ်။ အလျား ၂၂၈၈ ပေ၊ အနံ ၃၂၀ ပေနှင့် အကျယ် ၃၂ ဧကခန့်ရှိပါတယ်။ စေတုတ္တရာမြို့ရဲ့ မြောက်ဘက် ၃ ဖာလုံခန့်အကွာအဝေး တောင်ကုန်းမြင့်ပေါ် မှာတည်ရှိပါတယ်ခင်ဗျား။ ၁၉၈၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ လေယာဉ်ကွင်းကိုစတင်ဖွင့်လှစ်ခဲ့ပြီး တော့ ၁၉၈၁ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှ အောက်တိုဘာလ ၁၅ ရက်နေ့အထိ တွင်အော်တာ လေယာဉ်ငယ်များနှင့် တစ်ပတ်ကိုတစ်ကြိမ် အင်္ဂါနေ့တိုင်း ရေးဆွဲပေးခဲ့ဖူးပါတယ်။ ကျောက်ထု လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ပြီးတဲ့နောက်ပိုင်းမှာတော့ ယခုအချိန်အထိ အနှစ် ၃၀ ကျော် ပြန်လည် အသုံးမပြုတော့ဘဲနဲ့ သစ်ပင်များနှင့် တောထနေတဲ့ လေယာဉ်ကွင်း ဖြစ်ပါတယ်ခင်ဗျား။ မုန်းတမံ အတွက် လိုအပ်တဲ့ မြေသားများတူးဖော်မှုကြောင့် ကြီးမားတဲ့ ကျင်းကျန်ကြီးများဖြစ်ပေါ်နေခြင်း၊

ကပစ ၂ဂ နှင့် စေတုတ္တရာမြို့ကို ဆက်သွယ်ထားတဲ့ လျှပ်စစ်မီးတိုင်များကို လေယာဉ်ကွင်းအလယ် ကဖြတ်ပြီးတော့ သွယ်တန်းတည်ဆောက်ထားခြင်းတို့ကြောင့် လေယာဉ်ကွင်းအဖြစ်ဆက်လက် သုံးစွဲလို့မရနိုင်တော့တဲ့အခြေအနေလည်းရှိပါတယ်။ စေတုတ္တရာမြို့ဟာ အရှေ့ဘက်မှာ မုန်းချောင်း၊ တောင်ဘက်မှာ ဆီမီးချောင်းတို့တည်ရှိပြီးတော့ မိုးရာသီမှာ တမံရေပြင်ကြီး ပတ်လည်ဝိုင်းနေတဲ့မြို့ ဖြစ်ပါတယ်။ ၂၀၁၅ ရေဘေးကဲ့သို့ ရေဘေးအန္တရာယ်တွေကြုံတိုင်းမှာ ကုန်းမြင့်ရှိရာ မြောက်ဘက်က လေယာဉ်ကွင်းမှာ ပြည်သူတွေ ရေဘေးရှောင်နားခိုကြရပါတယ်။ တဖြည်းဖြည်း တိုးတက်လာတဲ့ လူဦးရေနှင့် အိမ်ထောင်စုများ မြို့မြေတိုးချဲ့ရန် အခက်အခဲရှိတဲ့အတွက် အသုံးပြုရန် မဖြစ်နိုင်တော့တဲ့ လေယာဉ်ကွင်းဟောင်းကို မြို့ခံပြည်သူလူထုရဲ့ လိုအပ်ချက်အတွက် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိသလိုပါ၍ အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့ရှိ နှစ် ၃၀ ကျော် အသုံးမပြုတော့သော လေယာဉ်ကွင်းဟောင်းအား လေယာဉ်များဆင်းသက်ရန်နှင့် လေယာဉ်ကွင်းအဖြစ် ဆက်လက် အသုံးပြုရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိပါက ဒေသခံပြည်သူများအတွက် မြို့မြေအဖြစ် တိုးချဲ့ ပေးရန်၊ စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့ရှိ နှစ် ၃၀ ကျော်အသုံးမပြုတော့သော လေယာဉ်ကွင်း ဟောင်းအား လေယာဉ်များ ဆင်းသက်ရန်နှင့် လေယာဉ်ကွင်းအဖြစ် ဆက်လက်အသုံးပြုရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိပါက ဒေသခံပြည်သူများအတွက် မြို့မြေအဖြစ် တိုးချဲ့ရန်အတွက် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ကျွန်တော်ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပိတောက်မြိုင် ရပ်ကွက်မှ ၃ ဖာလုံခန့်အကွာမှာ ရှိတဲ့ စေတုတ္တရာလေယာဉ်ကွင်းဟောင်းရဲ့ ပြေးလမ်းမှာ အလျားပေ ၂၀၀၀၊ အကျယ်ပေ ၁၀၀ ရှိတဲ့ မြေသားပြေးလမ်းဖြစ်ပြီး၊ ယခင်က ဒါကိုတာလေယာဉ်များ ဆက်သက်အသုံးပြုခဲ့ပါတယ်။ ၁၉၈၉ ခုနှစ် နောက်ပိုင်းမှာစတင်၍ လေယာဉ်များဆင်းသက်အသုံးပြုခြင်းမရှိတော့တဲ့အတွက် လေယာဉ်ကွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ထားမှုမရှိတော့ပါ။ လေယာဉ်ကွင်းရဲ့ ဧရိယာ ကတော့ ၃၂ ဧက ခန့်ရှိပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေနဲ့ လေယာဉ်ခရီးစဉ်များ ပြေးဆွဲလျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ် ၃ ခုနှင့် ပြည်တွင်း လေဆိပ် ၃၁ ခုအပါအဝင် လေဆိပ်/လေယာဉ်ကွင်း ၃၄ ကွင်းမှာ လေယာဉ်များဘေးအန္တရာယ်

ကင်းရှင်းစွာ ဆင်း/တက်အသုံးပြုနိုင်ရေးအတွက် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထိန်းသိမ်းထားတဲ့ ကွင်းတိုအမျိုးအစားစာရင်းမှာပါဝင်တဲ့ စေတုတ္တရာလေယာဉ်ကွင်းဟာဆိုရင် တင်ပြခဲ့တဲ့ ၃၄ ကွင်းတွင် ပါဝင်ခြင်းမရှိပါ။

ထို့အပြင် စေတုတ္တရာလေယာဉ်ကွင်းဟာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်း (National Transport Master Plan) တွင်လည်းကောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ အနာဂတ်မှာဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်း အစီအစဉ်များတွင်လည်းကောင်း ပါဝင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်အပေါ် စေတုတ္တရာလေယာဉ်ကွင်း ဟောင်းမြေနေရာကို ဒေသခံပြည်သူများ မြို့မြေအဖြစ် တိုးချဲ့ရန်အတွက် ဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်နိုင်ပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိုင်းပန်မြို့နယ်၊ နောင်လုံအင်းတိမ်ကောရေခန်းခြောက်မှုအား တူးဖော်ပြုပြင်ထိန်းသိမ်းပေးနိုင်ရန်နှင့် ၎င်းအင်းအတွင်း စိုက်ပျိုးမြေများကျူးကျော်ချဲ့ထွင်လာခြင်းအတွက် နောင်လုံအင်း ရေဝေဧရိယာအား ယခင်အတိုင်း တိကျစွာသတ်မှတ်တိုင်းတာပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က စိုင်းကျော်မိုး ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်ပြမယ့်မေးခွန်းကတော့ မိုင်းပန်မြို့နယ်၊ နောင်လုံအင်းရေတိမ်ကောခန်းခြောက်မှုကို တူးဖော်ပြုပြင်ထိန်းသိမ်းပေးရန်နှင့် ၎င်းအင်းအတွင်းမှာ စိုက်ပျိုးမြေ ကျူးကျော်ချဲ့ထွင်လာခြင်းအတွက် နောင်လုံအင်းရေဝေဧရိယာကို ယခင်အတိုင်း တိကျစွာသတ်မှတ်တိုင်းတာပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မိုင်းပန်မြို့နယ်ဟာ ယခင်ရှမ်းလူမျိုးတို့ရဲ့ ရှေးဟောင်းရာဇဝင်သမိုင်းကြောင်းများနှင့် အထင်ကရ နေရာများအဖြစ် တည်ရှိခဲ့တဲ့မြို့တစ်မြို့လည်းပဲဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ တောင်ကြီး၊ မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိပါတယ်။ တောင်ကုန်း တောင်တန်းများအကြား ဆန်စပါးစိုက်ခင်းများရဲ့ကြားမှာ တည်ရှိပြီးတော့ စိုက်ပျိုးရေးကိုသာ အခြေခံတဲ့စီးပွားရေးလုပ်ငန်းကိုသာ လုပ်ကိုင်တဲ့မြို့တစ်မြို့လည်းပဲဖြစ်ပါတယ်။ သမိုင်းကြောင်းအရ ကျွန်တော်တို့မိုင်းပန်မြို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဒေသတွင်း အင်းကြီးတစ်ခုတည်ရှိခဲ့ပြီး အလယ်မှာ ကျွန်းမျှောကြီးတစ်ခုတည်ရှိခဲ့ပါတယ်။ ဒီကျွန်းမျှောကြီးဟာ ရေလယ်မှာ ရွေ့လျားလည်ပတ်နေတာကို အစွဲပြုပြီးတော့ မိုင်းပန်မြို့ကို လည်နေတဲ့မြို့လို့လည်း ခေါ်တွင်ခဲ့ပါတယ်။ ယခင်က ကျွန်းမျှောကြီးလို့ ယူဆရတဲ့ နောင်လုံကျေးရွာအနီးရှိတဲ့ မြေပုံတင်ပြပါနေရာအတွင်းမှာ ဗုဒ္ဓရုပ်ပွားတော်များနဲ့ မိုင်းပန်မြို့

သမိုင်းဝင် နန်းယီဆိုင်ကော်ပုံတူများ၊ ကျောင်းများဆောက်လုပ်ထားကာ သမိုင်းကို ထိန်းသိမ်းထားရှိပါတယ်။ တင်ပြပါပုံကတော့ သမိုင်းဝင် နန်းယီဆိုင်ကော်ကျောင်းနှင့် ရုပ်တုများထားရှိပုံ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်ခန့်က စတင်ကာ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲလာမှုကြောင့် တင်ပြပါ နောင်လုံအင်းကြီးဟာ ဧက ၁၀၀ ခန့်ရေပြင်ရှိရာမှာ ရေတိမ်ကောခန်းခြောက်လာခဲ့တာကို တွေ့ရှိရပါတယ်။ ဒီနောင်လုံအင်းကြီးတိမ်ကောလာမှုကို အခွင့်ကောင်းယူကာ အင်းမြေပေါ်မှာ ယာလုပ်ကိုင်သူ ၁၀ ဦးခန့်ဟာ စိုက်ပျိုးမြေကျူးကျော်ချဲ့ထွင်လုပ်ကိုင်လာခဲ့ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ တင်ပြပါပုံကတော့ နောင်လုံအင်းတိမ်ကောလာမှုကို ပြထားတဲ့ပုံဖြစ်ပါတယ်။ ခုချိန်မှာ ကျွန်တော်တို့ဒေသကဲ့သို့ပင် အခြားသောတိုင်းရင်းသားများရဲ့ သမိုင်းအမွေအနှစ်ဒေသများကို နိုင်ငံတော်အစိုးရက ဖော်ထုတ်ကာ ကြပ်မတ်ထိန်းသိမ်းပြုပြင်ပေးခြင်းတို့ကို ပြုလုပ်ပေးခြင်းအားဖြင့် နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည်ကိုးစားမှုများ ရရှိလာနိုင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ပိုမိုတည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ တင်ပြပါပုံကတော့ ဌာနကနေပြီးတော့ စစ်ထားတဲ့ပုံဖြစ်ပါတယ်။ ကွင်းဆင်းကြည့်တဲ့ပုံဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအင်းကြီးကို ပြန်လည်တူးဖော်ပြီးပါက အခြားထူးခြားတဲ့ဒေသများကဲ့သို့ပင် ကျွန်တော်တို့ မိုင်းပန်ဒေသရဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ယဉ်ကျေးမှု၊ နေထိုင်မှု၊ သမိုင်းကြောင်းအစဉ်အလာတို့ကိုလည်း အခြားသူများလာရောက်လေ့လာသိရှိနိုင်မှာဖြစ်ပြီးတော့ ခရီးသွားလုပ်ငန်းများလည်း ပိုမိုတိုးတက်လာနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ မိုင်းပန်မြို့နယ်အတွင်း သမိုင်းဝင် နန်းယီဆိုင်ကော်ကျောင်းနဲ့ ရုပ်တုများတည်ရှိရာ နောင်တော်အင်းရေတိမ်ကောခန်းခြောက်မှုကို တူးဖော်ပြုပြင်ထိန်းသိမ်းဖို့နဲ့အင်းအတွင်းတိမ်ကောလာမှုကို အခွင့်ကောင်းယူ၍ စိုက်ပျိုးမြေများ ကျူးကျော်ချဲ့ထွင်လာခြင်းအတွက် နောင်လုံအင်းရေဝေဧရိယာကို ယခင်အတိုင်းတိကျစွာ တိုင်းတာ သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိအား ဒေသခံတိုင်းရင်းသားများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုးရဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားပေးပါမယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့ရဲ့ တောင်ဘက်မှာတည်ရှိတဲ့ နောင်လုံအင်းဟာ ရှေးဟောင်းသမိုင်းဝင်နေရာတစ်ခုဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုတွေပြောင်းလဲလာတာနှင့်အတူ နှစ်ကာလကြာမြင့်လာတာနှင့်အမျှ တိမ်ကောလာပြီး ရေသိုလှောင်နိုင်မှုပမာဏ လျော့ကျလာလျက်ရှိတဲ့အတွက် ပြန်လည်ပြုပြင်တူးဖော်ပေးဖို့ လိုအပ်လျက်ရှိကြောင်း စိစစ်သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ နောင်လုံအင်းကို တူးဖော်ပြုပြင်ပေးဖို့နှင့် ရေဝေရေလဲဧရိယာကို ယခင်အတိုင်း တိကျစွာ သတ်မှတ်တိုင်းတာပေးရန်ကိစ္စနှင့် ပတ်သက်၍

နောင်လုံအင်းအနေနဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရဲ့ စီမံခန့်ခွဲမှုအောက်မှာ မရှိတဲ့အတွက် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဦးဆောင်စီမံခန့်ခွဲမှုနဲ့ သက်ဆိုင်သည့် ဌာနဆိုင်ရာများ ပူးပေါင်းညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးသွားရမယ့်လုပ်ငန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနှင့် နောင်လုံအင်းမြေနေရာဟာ ကွင်းပြင်ပအင်းအိုင်မြေ ဖြစ်ပြီးတော့ ယင်းအင်းကို ပြန်လည်တိုင်းတာဖို့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များရဲ့ အကူအညီကိုရယူပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအပါအဝင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ နယ်နိမိတ် တိုင်းတာ သတ်မှတ်စေမည်ဖြစ်ပါတယ်။ ပြီးစီးပါက နောင်လုံအင်း တူးဖော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ဖို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေမှာ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအနေနဲ့ လိုအပ်တဲ့ နည်းပညာအကူအညီများနဲ့ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအလယ်ပိုင်းထန်းပင်နှင့် ထန်းတောများ ထိန်းသိမ်းရေးနှင့် ထန်းတောင်သူများဘဝ တိုးတက်မြင့်မားစေရန်အတွက် အလေးထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ ကြွရောက်လာသူများအားလုံး ကိုယ်စိတ်နှစ်ပါးအေးချမ်းကြပါစေ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံ အလယ်ပိုင်းထန်းပင်နှင့် ထန်းတောများ ထိန်းသိမ်းရေးနှင့် ထန်းတောင်သူများဘဝ တိုးတက်မြင့်မားစေရန်အတွက် အလေးထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းမေးမြန်းရတဲ့ရည်ရွယ်ချက် ရှိပါတယ်။ ပြီးခဲ့တဲ့ ၆ လလောက်မှာစပြီးတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဦးဆောင်မှုနဲ့ ထန်းပင်၊ ထန်းတောများ ထိန်းသိမ်းရေးနှင့် ထန်းတောင်သူများဘဝမြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မိတ္ထီလာ တက္ကသိုလ်မှာ တစ်ကြိမ်၊ မန္တလေးတက္ကသိုလ်မှာ တစ်ကြိမ်၊ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆွေးနွေးခဲ့ကြပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ ကျွန်တော်ကိုယ်တိုင်လည်း ပါဝင်တက်ရောက်ဆွေးနွေးပြီးတော့ အဲဒီအလုပ်ရုံဆွေးနွေးပွဲက ရရှိလာတဲ့ အချက်အလက်တွေအပေါ်မှာ မူတည်ပြီးမှ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းမေးရတဲ့ရည်ရွယ်ချက်ကတော့

(၆)ချက်ရှိပါတယ်။ (၁) မြန်မာနိုင်ငံအလယ်ပိုင်းမှာ တစ်နေ့ထက်တစ်နေ့ ခုတ်ယူရောင်းချမှုကြောင့် လျော့နည်းလာတဲ့ သဘာဝအမွေအနှစ်တစ်ခုဖြစ်တဲ့ ထန်းပင်နှင့် ထန်းတောများ ပျောက်ကွယ်သွားခြင်း မရှိစေရန် ထိန်းသိမ်းကာကွယ်ပေးရန် ဖြစ်ပါတယ်။ ဒီနေ့အချိန်အထိ ထန်းပင်နှင့် ထန်းတောတွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှု နည်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ထန်းပင်၊ ထန်းပိုင်ရှင်နှင့် ထန်းတောင်သူတွေရဲ့ဘဝဟာ တစ်နေ့တခြားနိမ့်ပါးလာတော့ တစ်ပင်ကို ၅၀၀၀ ကျပ်၊ ၁၀၀၀၀ ကျပ် ရရုံနဲ့ ခုတ်ရောင်းနေကြတာပါ။ မန္တလေးမှာဆိုရင် အခုဆိုရင် မန္တလေးမြို့ရဲ့နာမည်ကြီး သမိုင်းဝင် တစ်ခုဖြစ်တဲ့ အိမ်ရှေ့မင်းထန်းတောဟာဆိုလို့ရှိရင် နှစ်ပေါင်း ၁၅၀ ကျော်ပါပြီ။ အခုအချိန်မှာ အပင် ပေါင်း ၆၀၀၀ ကျော် ကျန်ပါသေးတယ်။ အခု CSO တွေနဲ့ပူးပေါင်းပြီးမှ နယ်နိမိတ်တိုင်စိုက်ခြင်းတွေ၊ ကာကွယ်ဖို့တွေ ပြင်ဆင်နေပြီဆိုတာကို ကျွန်တော်တို့သိရပါတယ်။ (၂)ကတော့ ခေတ်အဆက်ဆက် ထန်းပင်ဖြင့်အသက်မွေးဝမ်းကျောင်းပြုခဲ့တဲ့ အခြေခံလူတန်းစားတစ်ရပ်ဖြစ်တဲ့ မြန်မာပြည်အလယ် ပိုင်းမှာရှိတဲ့ ထန်းပိုင်ရှင်၊ ထန်းတောင်သူ ၃ သိန်းခန့်နဲ့ ၎င်းတို့ကိုမှီခိုနေတဲ့ မိသားစုတွေဟာ ဒီနေ့ အဖက်ဖက်ကနေပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အဖက်ဖက်က နိမ့်ကျနေတာ ကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့ဘဝမြှင့်တင်ပေးမှသာလျှင် ထန်းပင်၊ ထန်းတောတွေကို ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ (၃)အချက်ကတော့ ယနေ့အချိန်မှာ အဖက်ဖက်မှ နိမ့်ကျနေတဲ့ ထန်းပိုင်ရှင်နှင့် ထန်းတောင်သူများနှင့်အတူ မိမိတို့ရဲ့လုပ်ငန်းနှင့်အတူ ဘဝရှင်သန်ရပ်တည်နိုင်ရေး အတွက် ထန်းနှင့်ပတ်သက်တဲ့ အမတော်ကြေးတွေ၊ ဈေးငွေတွေ ရရှိရေးဖြစ်ပါတယ်။ နို့မို့ရင် သူတို့ ဘယ်လိုမှကို မရပ်တည်နိုင်တော့ပါဘူး။ ဒါကြောင့်မို့လို့ သူတို့ရဲ့ဘဝတွေဟာ တော်တော်လေးကို နိမ့်ပါးနေတာကို တွေ့ရပါတယ်။ ဒီနေ့အချိန်အထိ ဘယ်ဝန်ကြီးဌာနကမှ တာဝန်ယူဆောင်ရွက်ပေးခြင်း မရှိသေးတာကိုလည်း၊ ခေတ်အဆက်ဆက်မှာလည်း တာဝန်ယူခဲ့ခြင်း မရှိပါဘူး။ ယနေ့အချိန်အထိ လည်း တာဝန်ယူဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။

(၄)အချက်ကတော့ ထန်းနှင့် ထန်းရွက်ကုန်ပစ္စည်းတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေး မြှင့်တင်ရေး၊ နည်းပညာအထောက်အကူရရှိရေးနှင့် ဈေးကွက်ဖော်ဆောင်ပေးနိုင်ရေးဆိုတဲ့အချက်ကို လည်း တွေ့ရပါတယ်။ နိုင်ငံတကာမှာ ထန်းနှင့်ပတ်သက်တဲ့ပစ္စည်းတွေ၊ ထန်းနှင့်ပတ်သက်တဲ့ လက်ဆောင်ပစ္စည်းတွေ၊ ထန်းကနေ ထွက်လာတဲ့ Product တွေအားလုံးကို အဆင့်မြှင့်တင် ဆောင်ရွက်နေခြင်းနည်းတူ ကျွန်တော်တို့ဆီမှာလည်း နည်းပညာဖွံ့ဖြိုးဖို့အတွက် ထောက်ပံ့ပေးဖို့ လိုလာပါတယ်။ (၅)အချက်ကတော့ ခေတ်အဆက်ဆက်လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြတဲ့ ထန်းနှင့်ပတ်သက်တဲ့ အသုံးအဆောင်တွေ၊ ယဉ်ကျေးမှု၊ စရိုက်လက္ခဏာတွေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ထန်းယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းမြှင့်တင်နိုင်ဖို့လည်း လိုပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ ထန်းနှင့် ထန်းထွက်ပစ္စည်းများ၊ ထန်းတောင်သူများကို အခြေပြုပြီး ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေးဆောင်ရွက်ပေးဖို့ လိုပါ တယ်။ ဒီလိုတွေ လုပ်ဆောင်နိုင်မှသာလျှင် ထန်းပင်နှင့် ထန်းတောတွေကို ကာကွယ်နိုင်ပါမယ်။ ထန်းနှင့်ပတ်သက်တဲ့ ထန်းတောင်သူတွေ၊ ပြီးရင် ထန်းပိုင်ရှင်တွေဟာလည်း သူတို့ရဲ့ဘဝရပ်တည်နိုင် မှုနဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အားလုံးမြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးလိုတာကတော့

မြန်မာနိုင်ငံအလယ်ပိုင်းမှာရှိတဲ့ ထန်းပင်နှင့် ထန်းတောများ ထိန်းသိမ်းရေး၊ ထန်းတက်သူများဘဝ တိုးတက်မြင့်မားစေရေးအတွက် အလေးထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားပေးပါမယ်။

ထန်းပင်၊ ထန်းတောတွေဟာ မြန်မာနိုင်ငံရဲ့ထူးခြားတဲ့ ရေမြေသဘာဝရှုခင်းရှုကွက်များ ဖြစ်ကြပါတယ်။ ကမ္ဘာလှည့်ခရီးသွားများကိုလည်း ဆွဲဆောင်မှုရှိတဲ့ခရီးစဉ်များမှာ တည်ရှိနေပါတယ်။ ဒါ့အပြင် ထန်းတက်လုပ်ငန်း၊ ထန်းရည်ချိုကနေ ထန်းလျက်ချက်လုပ်ငန်း၊ ထန်းပင်ကနေ ရိုးရာလက်မှုပစ္စည်းများ ပြုလုပ်တဲ့လုပ်ငန်းစတဲ့ ရိုးရာဓလေ့တွေဟာ ဒေသခံတွေရဲ့ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ရရှိစေပါတယ်။ လေ့လာတွေ့ရှိချက်တွေအရ ထန်းပင်တစ်ဧကကနေ ပျမ်းမျှထန်းသီးခိုင်ဟာ ၃၃ဝဝ ခန့် ရရှိပါတယ်။ ထန်းရည်လီတာ တစ်နေ့ ၁၂ လီတာ ရရှိနိုင်ပါတယ်။ တစ်ရာသီစာ ၄၅ ရက်အတွက် လီတာ ၅၄ဝ ထွက်ရှိတဲ့အတွက် တစ်နှစ်ဝင်ငွေဟာ ကျပ် ၁ဝ၈ဝဝဝ ကျော်ခန့်ရရှိမှာဖြစ်ပါတယ်။ ထန်းပင်တက်ရောက်တဲ့ ထန်းသမားတွေရှိတဲ့ ကျေးရွာများအနေနဲ့ ထန်းပင်က မျှော်မှန်းဝင်ငွေရရှိပေမဲ့လည်းပဲ အခြေအနေအကြောင်းကြောင်းအရပ်ရပ်အရ ပြည်ပကို အလုပ်အကိုင်တွေ ရွှေ့ပြောင်းလုပ်ကိုင်လာမှုတွေ ရှိလာတာကြောင့် ယခုအချိန်မှာ ကျေးရွာတော်တော်များများမှာ ထန်းတက်သမားများ ရှားပါးသွားပြီဖြစ်ပါတယ်။ ထန်းပင်၊ ထန်းတောတွေဟာ တောင်သူများ လယ်ယာလုပ်ငန်းအပြင် အပိုဝင်ငွေရသီးနှံပင်အဖြစ် သတ်မှတ်ထားသော်လည်းပဲ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံအလယ်ပိုင်းမှာရှိတဲ့ ထန်းပင်တွေဟာ သက်တမ်းကြီးလွန်းခြင်း၊ အပင်အရပ်မြင့်လွန်းခြင်း၊ ထန်းတက်လုပ်သားရှားပါးခြင်း၊ ထင်းရှားပါးခြင်းတွေကြောင့် ထန်းပင်ကနေ ထန်းလျက်ချက်လုပ်မှုလုပ်ငန်း နည်းပါးလာခဲ့ရတာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုအပိုင်း လျော့နည်းကျဆင်းလာတာနှင့်အတူ ဈေးကွက်တွေပါ လျော့ပါးကျဆင်းလာတဲ့ အခြေအနေဖြစ်ပါတယ်။

အပင်အို၊ အပင်မြင့်နှင့် ထန်းရည်မထွက်တဲ့အပင်တွေ ခုတ်လှဲပြီး ပရိဘောဂများ၊ အိမ်ဆောက်ပစ္စည်းများအဖြစ် အသုံးပြုကြလျက်ရှိတဲ့အတွက် လက်ရှိအခြေအနေမှာတော့ ရှိပြီးသားထန်းပင်တွေကို ကိုင်းချိုင်ပြုပြင်ပြီး အပင်ပြုစုခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုတော့ဘဲနဲ့ ခုတ်လှဲပြီး နေအိမ်ဆောက်ရန်အတွက်သာ ထန်းသားပျဉ်များ ပြုလုပ်ရောင်းချခြင်းကို ဆောင်ရွက်လာလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ထန်းတစ်ပင်ခုတ်ရင် ရောင်းချရင် ကျပ် ၂ဝဝဝဝ ခန့် ဈေးကွက်ရှိနေတဲ့အတွက် မြန်မာနိုင်ငံအလယ်ပိုင်းမှ ထန်းတောများ ရေရှည်တည်တံ့စေဖို့အတွက် အဟန့်အတားများနှင့်

ရင်ဆိုင်ရလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်း ဇော်ဂျီကုမ္ပဏီကနေ ပြီးတော့ ထန်းလျက်ချက်တဲ့ နည်းပညာသစ်တွေကို ညောင်ဦး၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ မလှိုင်နဲ့ နွားထိုးကြီး၊ ငါ့သရောက်မြို့တို့မှာ ယင်းတို့ရဲ့ပံ့ပိုးနဲ့စီမံဆောင်ရွက်ခဲ့ပြီးတော့ အင်ဒိုနီးရှားနိုင်ငံကို ထန်းလျက်များ တင်ပို့လျက်ရှိကြောင်း သိရှိရပါတယ်။ မိမိတို့ရဲ့အိမ်နီးချင်း ထိုင်းနိုင်ငံမှာလည်းပဲ ထန်းပင်က ထန်းသီးနုနုကို ထုတ်ပိုးမှုပုံစံသပ်ရပ်စွာနဲ့ ထုပ်ပိုးပြီး ကမ္ဘာလှည့်ခရီးသွားတွေကို ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။ မိမိတို့နိုင်ငံမှာ ထန်းစိုက်တောင်သူများကိုလည်းပဲ ခေတ်မီသေသပ်တဲ့နည်းပညာများ ပံ့ပိုးပေးနိုင်မယ်ဆိုရင် နိုင်ငံခြားဝင်ငွေတွေ ရရှိစေမှာဖြစ်ပြီးတော့ အခြားတစ်ဖက်မှာလည်းပဲ ရှိပြီးသားထန်းတောများ ပြန်လည်စိမ်းစိုလာရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါတယ်။ ထန်းတက်တောင်သူတွေရဲ့ လက်ရှိထန်းတက်နည်းထက် ပိုမိုအန္တရာယ်ကင်းရှင်းပြီးတော့ ရိုးရှင်းလွယ်ကူတဲ့ ထန်းတက်နည်းပညာသစ်များ ကူညီပံ့ပိုးပေးခြင်း၊ ခေတ်မီထန်းလျက်ချက်လုပ်တဲ့ နည်းပညာများနှင့် ထုတ်ပိုးမှုနည်းသစ်များ ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် ထန်းတောင်သူများရဲ့ဘဝ အဆင့်မြှင့်တင်ရေးကို အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် ထန်းတောများ လျော့နည်းပပျောက်ခြင်းမှ ကာကွယ်ဖို့နဲ့ ထန်းတောင်သူများဘဝ တိုးတက်မြင့်မားစေဖို့အတွက် ပုဂ္ဂလိကကုမ္ပဏီများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ထန်းပင်အသစ်များ စိုက်ပျိုးခြင်း၊ ထန်းသားမှ ကုန်ချောထုတ်လုပ်ခြင်းနှင့် ထန်းရည်မှ ထန်းလျက် ထုတ်လုပ်မှုမှာ နည်းပညာများ ပံ့ပိုးပေးခြင်းနှင့် ခေတ်မီထန်းတက်နည်းပညာအသုံးပြုနိုင်ရေး ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် ထန်းပိုင်ရှင်နှင့် ထန်းလုပ်သားတို့ရဲ့ ပညာပေးစည်းရုံးဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ လိုအပ်မယ့်၊ အထောက်အပံ့ရရှိမယ့် အမတော်ကြေးအတွက်ကိုလည်းပဲ သက်ဆိုင်ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ ပြည့်ပြည့်စုံစုံဖြေကြားပေးသွားတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒီထန်းနှင့် ထန်းယဉ်ကျေးမှုက ကျွန်တော်တို့နိုင်ငံအတွက် မြန်မာ့နိုင်ငံရေးဖြစ်စဉ်သမိုင်းမှာလည်း အလွန်တရာမှ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ အရေးပေါ်စောင့်ရှောက်မှုလိုအပ်လာတဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ ထန်းနှင့်ပတ်သက်ပြီးတော့ ဘယ်ဝန်ကြီးဌာနကမှ တာဝန်ယူခဲ့ခြင်းမရှိပါဘူး။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်း သူတို့နဲ့။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တစ်စပ်တည်းပဲ မေးလိုက်ပါ။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ ဒါမျိုးလည်း မဖြစ်ဘူးပြောတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တွေအနေနဲ့က ဆက်လက်ပြီး မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဒီဟာကို ဆက်လက်ပြီးတော့ ဆရာတို့အနေနဲ့ ထန်းတောင်သူတွေ အမတော်ကြေးရရှိရေးအတွက် နိုင်ငံခြားမှာ

**မူကြမ်း**

ကျွန်တော်တို့နိုင်ငံသားတွေ အလုပ်ထွက်မလုပ်နိုင်ဖို့ အမတော်ကြေးရရှိဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကတော့ အခုနက ပြောပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ပေးပါမယ်လို့ပြောပါတယ်။ ဘယ်ကာလအတိုင်း အတာလောက်အတွင်းမှာ ဆရာတို့တွေအနေနဲ့ ဆောင်ရွက်ပေးနိုင်မလဲဆိုတာလေးကို တစ်ဆက် တစ်စပ်တည်းမေးခွန်းအနေနဲ့ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးတဲ့မေးခွန်းကိုပဲ တစ်ဆက်တစ်စပ်တည်းကိုပဲ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ကနဦး မိမိတို့ရဲ့အနေ အထားမှာ ထန်းပိုင်ရှင်နှင့် ထန်းလုပ်သားတွေအပေါ်မှာ စည်းရုံးဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ယင်းအခြေခံအပေါ်မှာမူတည်ပြီးတော့မှ သက်ဆိုင်ရာစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်း ညှိနှိုင်းစိစစ်ဆောင်ရွက်သွားဖို့ ရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လတ်တလောအားဖြင့် မည်သည့် ကာလမှာ ဖြေရှင်းပေးသွားနိုင်မယ်ဆိုတဲ့ အနေအထားမျိုးကို လက်ရှိအနေအထားမဖြေကြားနိုင်သေး သော်လည်းပဲ အနေးနဲ့အမြန် ပြန်လည်ဆောင်ရွက်သွားပေးနိုင်ဖို့အတွက်ကိုလည်းပဲ စီမံဆောင်ရွက် သွားမှာဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းကို ပြန်လည်ဖြေကြားပေး ပါမယ်။ ကျေးဇူးတင်ပါတယ်။

**ပေါက်တောမြို့ကို ၆၄ လက်မ တစ်မိုင်စကေးဖြင့် မြို့မြေတိုင်းတာ တွက်ချက်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးကို ရိုသေစွာ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပေါက်တောမြို့ကို ၆၄ လက်မ တစ်မိုင်စကေးနဲ့ မြို့မြေတိုင်းတာ တွက်ချက်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးရတဲ့ရည်ရွယ်ချက်ကတော့ မြို့ကိုမြို့နှင့်တူအောင် တစ်နည်းအားဖြင့် မြို့အင်္ဂါရပ်နှင့်ညီညွတ်အောင် ထိန်းသိမ်းဖို့ကိစ္စတစ်ချက်ရယ် နောက်တစ်ချက်ကတော့ မြို့မြေဂရမ် များကို စနစ်တကျထုတ်ပေးနိုင်ဖို့ကိစ္စရယ် ဒီနှစ်ချက်ကိုရည်ရွယ်လို့ မေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပေါက်တောမြို့အခြေအနေကိုပြန်ကြည့်ရင် ပေါက်တောမြို့ကို ယခင်က သာသနာရေးဝန်ကြီးဌာနရဲ့ ၁၂-၁၂-၁၉၇၂ ၏ အဆိုပါအမိန့်ကြေညာစာအမှတ်၊(၁၀၃/၃၀)စိတ်(၁)ဖြင့် မြို့အဖြစ်သတ်မှတ် ကြေညာခဲ့ပါတယ်။ ထိုစဉ်က မြို့ဧရိယာမှာ ဧက ၅၀ သာရှိခဲ့ပါတယ်။ ရပ်ကွက်သုံးကွက်နဲ့ ဖွဲ့စည်းထား ပါတယ်။ ယခုအခါမှာ ယင်းရပ်ကွက်များကို တိုးချဲ့ပြီးတော့မှ ရပ်ကွက်ငါးကွက်ထိအောင် တိုးချဲ့ကျယ် ပြန့်လာတဲ့အပေါ်မှာ ကျွန်တော်တင်ပြလိုပါတယ်။ Power Point သုံးခွင့်ပြုပါ။ ဒါကတော့ ပေါက်တော မြို့နယ်ရဲ့မြေပုံဖြစ်ပါတယ်။ အလယ်ကအကွက်ကတော့ မြို့တည်နေရာဖြစ်ပါတယ်။ နောက်မြေပုံက တော့ ကျွန်တော်တို့မြို့မြေပုံဖြစ်ပါတယ်။ အဝါရောင်နှင့်ပြထားတဲ့လိုင်းအတွင်းမှာရှိတဲ့ ရပ်ကွက်များ သည် ရပ်ကွက်ဟောင်းဖြစ်ပါတယ်။ မူလရပ်ကွက်ပါ။ နောက်ဒီဘက်က အပြာနှင့်ဝိုင်းပြထားတဲ့

ရပ်ကွက်များသည် အသစ်တိုးချဲ့လာတဲ့ရပ်ကွက်ဖြစ်ပါတယ်။ ရပါပြီ။ ကျွန်တော်ဆိုလိုတာကတော့ ဒီရပ်ကွက်တွေကို တိုးပွားလာတဲ့မိသားစုတွေကြောင့် မြို့မြေဟာ အရင်တုန်းက ၅၀ ဧကရှိရာက အခု ၄၂၀ ဧကထိ ဖြစ်လာပါတယ်။ ဒါပေမဲ့ မြို့ကို မူလတိုင်းတာထားတဲ့ အတိုင်းအတာသည် မြို့ကွက်မြေပုံ မဟုတ်ဘဲနဲ့ မြေစာရင်းကအခေါ် တောကွင်းအဖြစ်သာရှိနေပါတယ်။ မြို့မြေကိုလည်းပဲ ၁၆ လက်မ ၁ မိုင်စကေးဖြင့် ပြေးဆွဲထားတာဖြစ်တဲ့အတွက် အသေးစိတ်တိုင်းတာတွက်ချက်ဖို့ ခက်ခဲပါတယ်။ ၁၆ လက်မ ၁ မိုင်စကေးဖြင့် ပြေးဆွဲတဲ့မြေပုံသည် မှင်တစ်စက်ကို ၇ ပေအထိကူးသွားတယ်လို့ ဆိုပါတယ်။ အဲဒါကြောင့် ဂရန်မြေများကို ရေးဆွဲတဲ့နေရာမှာ အလွန်သေးနုတ်ပြီးတော့မှ အောက်ပါ အခက်အခဲတွေနဲ့ ကြုံခဲ့ရပါတယ်။ နံပတ်တစ်ကတော့ မြေတစ်ကွက်နှင့်တစ်ကွက် ဒွေးရောယှက်တင် ဖြစ်ကာ ပိုင်ဆိုင်မှုဖြစ်ကာ အငြင်းပွားရပါတယ်။ နောက်အကွက်ထဲမှာဆောက်တဲ့ အိမ်တွေနှင့် ပတ်သက်ပြီး Bio1၀၄ လို့ခေါ်တဲ့ အဆောက်အဦစည်းကမ်းဥပဒေရှိသော်လည်းပဲ အသုံးချလို့မရပါဘူး။ နောက်တစ် ချက်ကတော့ မြေများကိုခွဲစိတ်တဲ့နေရာမှာ၊ ရောင်းချတဲ့နေရာမှာ၊ ပေါင်နှံတဲ့နေရာမှာ၊ တဆင့်လွှဲပြောင်းတဲ့နေရာမှာ၊ အမွေဆက်ခံတဲ့နေရာမှာ စနစ်တကျ စာချုပ်စာတမ်းများနှင့် မှတ်တမ်း တင်လို့မရဘူး ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မြို့ပေါ်မှာရှိတဲ့လမ်းများ၊ ရေမြောင်းများ၊ ရေကန် များကို နယ်နိမိတ်များကိုကျော်ပြီးတော့မှ တည်ဆောက်လာတာကိုလည်း တိုင်းတာစစ်ဆေးတားမြစ်ဖို့ အဆင်မပြေပါဘူး။ နောက်တစ်ချက်ကတော့ မြို့နှင့်ကပ်လျက်ရှိတဲ့ လယ်ယာမြေများကို လယ်ယာမြေ ဥပဒေနှင့်အညီ အခြားနည်းလမ်းဖြင့် အသုံးပြုခွင့်တောင်းခံခြင်းမရှိဘဲနဲ့ မိမိတို့အစီအစဉ်နဲ့ ကျူးကျော် တိုးချဲ့ ဆောက်လုပ်လာတာကိုတွေ့ရပါတယ်။ ဒါကဘာပြလဲဆိုရင် ပိုင်ဆိုင်မှုမြေစာရင်းပုံစံ၁(က) မရေး ဆွဲပေးနိုင်လို့ဖြစ်ပါတယ်။ အဲဒါကြောင့် ဂရန်သစ်များရေးဆွဲနိုင်ဖို့အတွက် တိုင်းတာတွက်ချက်ဖို့လိုပါ တယ်။ မြို့မြေကို ခေတ်မီတိုင်းတာကိရိယာများနဲ့သုံးစွဲလို့ ၆၄ လက်မ တစ်မိုင်စကေးဖြင့် ရေးဆွဲနိုင် မှသာ ကျွန်တော်ဖော်ပြခဲ့တဲ့ အထက်ပါအခြေအနေများကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် အများပြည်သူသန့်ရှင်းရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပီပြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြို့မြေပုံကို ၆၄ လက်မ တစ်မိုင်စကေးဖြင့် ရေးဆွဲရန်မဖြစ်မနေ လိုအပ်ပါတယ်။ ဒီအတွက်နဲ့ Myanmar Ration Officer နှင့် Boundary Officer တို့ကိုလည်း ခန့်ထားပြီးဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်နိဂုံးချုပ်တင်ပြလိုတာကတော့ မြို့မြေစီမံခန့်ခွဲရေးကို ဆောင်ရွက်နိုင်ရန်အလို့ငှာ အခြားမြို့ကြီးများနည်းတူ ၆၄ လက်မ တစ်မိုင်စကေးဖြင့် တိုင်းတာ သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဖဲ့ရဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့ကို ၆၄ လက်မ တစ်မိုင်စကေးနဲ့ မြို့မြေတိုင်းတာ တွက်ချက်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့် ပေါင်းစပ်ပြီး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးပါတယ်။ ပေါက်တောမြို့ကို ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနရဲ့ ၁၂-၁၂-၁၉၇၂ ခုနှစ် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၀၃/၃၀/စိတ်(၁)ဖြင့် မြို့အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ရပ်ကွက်ငါးရပ်ကွက်နှင့်ဖွဲ့စည်းထားပြီး မူလမြို့ဧရိယာဟာ ၅၁.၇၆ ဧကဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။ မြို့မြေတွေဟာ မြေတန်ဖိုးကြီးမြင့်ပြီး ပိုင်ဆိုင်မှုနယ်နိမိတ်ပြဿနာများစွာရှိတတ်တဲ့အတွက် မြို့မြေများဖြစ်တဲ့အတွက် ၁၈၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော် နယ်မြေသတ်မှတ်အက်ဥပဒေအရ ပိုင်းခြားရာမှာ နိုင်ငံတော်ကိုယ်စား ကြီးကြပ်ဆောင်ရွက်နိုင်ဖို့အတွက် နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိများခန့်အပ်ဆောင်ရွက်ရပါတယ်။ နယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်း၊ မြို့နယ်နိမိတ်တိုင်းတာခြင်း၊ မြေကွက်ဦးပိုင်များနယ်နိမိတ်တိုင်းတာခြင်း၊ ကွန်ပျူတာနဲ့မြေပုံရေးဆွဲခြင်း၊ မြေကွက်နံပါတ်ရေးထိုးခြင်း၊ ဧရိယာစာရင်းတွက်ချက်ခြင်း၊ မြေပုံအချောရေးဆွဲခြင်း၊ ပုံထုတ်ခြင်း၊ မြေကွက်ဦးပိုင်တစ်ခုချင်း မြေပိုင်ဆိုင်မှုများကွင်းဆင်းစိစစ်ကောက်ယူခြင်းနှင့် ဧရိယာစာရင်း၊ ဦးပိုင်မှတ်ပုံတင်စာရင်း(၁-က)၊ မြေကွက်မှတ်ပုံစာရင်း(၁-ခ)ထူထောင်ခြင်းစတဲ့ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ မိမိတို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေနဲ့ ဝန်ထမ်းများဟာ မိမိရဲ့လုပ်ငန်းတာဝန်များဖြစ်တဲ့ ဌာနတွင်းမှာအသုံးပြုလျက်ရှိတဲ့ ကွင်းမြေပုံတွေကို ဒီဂျစ်တယ်မြေပုံများအဖြစ်ပြောင်းလဲနိုင်ဖို့ မြေတိုင်းတာခြင်း၊ မြေပုံထုတ်လုပ်ခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းအချက်အလက်တွေကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာကောက်ယူပြုစု ထုတ်ပြန်ခြင်းကိုလည်း ဆောင်ရွက်ကြရပါတယ်။ ဌာနမှတိုင်းတာတဲ့ မြေပုံများ၊ လယ်ယာကဏ္ဍနဲ့ မြေအသုံးချမှုဆိုင်ရာစာရင်းအင်းအချက်အလက်များကိုအသုံးပြုပြီး သတင်းအချက်အလက်စနစ်ထူထောင်ခြင်း၊ လယ်ယာမြေနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက်ကိုလည်းပဲ တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားတဲ့ ကော်မတီအဖွဲ့အစည်းအသီးသီးမှာ မိမိမှာရှိတဲ့ ဝန်ထမ်းအင်အားနဲ့ပူးပေါင်းပါဝင်ဆောင်ရွက်ရခြင်းရှိပါတယ်။ မြေတိုင်းခြင်းကိစ္စ၊ မြေယာတိုင်းတာခြင်းနှင့် စပ်လျဉ်းပြီးတော့မှ မိမိတို့မှာ အရင်းခံကျတဲ့အလျောက် အခြားမိတ်ဖက်အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာလည်းပဲ ပါဝင်ဆောင်ရွက်ရတဲ့အတွက် ဌာနဝန်ထမ်းအင်အားနဲ့ လုပ်ငန်းမမျှတမှုရှိနေတဲ့အပြင် ဝန်ထမ်းအင်အားလုံလောက်မှု မရှိခြင်းအခြေအနေတို့ကိုလည်း ကြုံတွေ့နေရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရခိုင်ပြည်နယ်အတွင်း ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နှင့် အမ်းမြို့တို့မှာ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ဖို့ စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ ပေါက်တောမြို့ မြေတိုင်းတာခြင်းလုပ်ငန်းကိုတော့ ယခုဘဏ္ဍာနှစ်အတွင်း လက်ရှိဝန်ထမ်းအင်အားအရ ထပ်မံဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေမရှိသေးကြောင်း ဖြေကြားအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ၆၄ လက်မ တစ်မိုင်စကေးနဲ့ မြို့မြေတိုင်းတာဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းအင်အားဖြည့်ဆည်းနိုင်မှု အခြေအနေနဲ့ရန်ပုံငွေခွဲဝေရရှိမှုပေါ်မှာမူတည်ပြီး ပေါက်တောမြို့ရဲ့ မြေကွက်တိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဗန်းမောက်မြို့အနီးရှိ ဟဲထန်ဆည်အား တာပေါင်ပြုပြင်ထိန်းသိမ်းခြင်း၊ ရေလွှဲတံခါး တပ်ဆင်ခြင်းနှင့် ဆည်ရေမြောင်း စနစ်တကျ တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဗန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဗန်းမောက်မြို့အနီးမှာရှိတဲ့ ဟဲထန်ဆည်အား တာပေါင်ပြုပြင်ထိန်းသိမ်းခြင်း၊ ရေလွှဲတံခါးတပ်ဆင်ခြင်းနှင့် ဆည်ရေမြောင်း စနစ်တကျတူးဖော်ဆောင်ရွက်ပေးခြင်း အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဗန်းမောက်မြို့နယ်မှာဆိုရင် ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၄၇ အုပ်စုရှိပြီးတော့မှ စုစုပေါင်း ကျေးရွာအုပ်စုပေါင်း ၅၀ ရှိပါတယ်။ လူဦးရေ တစ်သိန်းတစ်သောင်းကျော် နေထိုင်လျက်ရှိပြီးတော့ မြို့ပေါ်ရွက်ကွက် သုံးရပ်ကွက်မှာဆိုလို့ရှိရင် အိမ်ထောင်စုပေါင်း ၁၂၁၂ ခုရှိပြီးတော့ လူဦးရေပေါင်းဟာ တစ်သောင်းခန့်နေထိုင်လျက်ရှိပါတယ်။ ဗန်းမောက်မြို့အနီးမှာဆိုလို့ရှိရင် နားယကာရေလွှဲဆည်နှင့် ဟဲထန်ရေလွှဲဆည်နှစ်ခုရှိပါတယ်။ နားယကာရေလွှဲဆည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သော်လည်း ဟဲထန်ဆည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း မဆောင်ရွက်နိုင်ခဲ့ပါ။ ဟဲထန်ဆည်အား ရေများစုဆောင်း၍ ရေလိုအပ်ချိန် ရေထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့သော်လည်း တာပေါင်များမခိုင်ခန့်ခြင်း၊ ရေလွှဲတံခါးများတည်ဆောက်မထားနိုင်ခြင်း၊ ဆည်ရေမြောင်းများ စနစ်တကျမရှိခြင်းတို့ကြောင့် ရည်ရွယ်ချက်မအောင်မြင်ခဲ့တဲ့အပြင် နှစ်စဉ်မြို့တွင်း ရေလွှမ်းမိုးမှုများ ကြုံတွေ့နေရပါတယ်။ မိုးရာသီရေများချိန်များ ရေများစုဆောင်းသိုလှောင်ပြီးတော့မှ ပိုလျှံရေများကို ရေဝေမြောင်းမှတစ်ဆင့် မျက်နှာနာကွင်း၊ ကျွဲကောကုန်းကွင်း၊ အောင်သာကုန်းကွင်းရှိ လယ်ကွက်များသို့ ရေပေးဝေရန် ရည်ရွယ်ထားသော်လည်း ရေမြောင်းများစနစ်တကျဆောင်ရွက်ထားခြင်း မရှိခြင်းတို့ကြောင့်လည်းကောင်း၊ ရေမြောင်းများပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်းကြောင့်လည်းကောင်း၊ မြို့တွင်းရေမြောင်းများ အိမ်ခြံမြေများချဲ့ကာ ရေမြောင်းများကျဉ်းသွားစေခြင်းတို့ကြောင့်လည်းကောင်း ရေများလိုရာမရောက်ခဲ့ပါ။ နွေရာသီချောင်းရေများနဲပြီးတော့ မြို့တွင်းရေမြောင်းများ ရေပြတ်တဲ့အခါမှာ မြို့တွင်းမှာရှိတဲ့ ရေတွင်းများ၊ ရေကန်များ ရေခန်းပြီးတော့မှ ရေအခက်အခဲဖြစ်ပေါ်လျက်ရှိပါတယ်။ နွေရာသီအချိန် ဟဲထန်ဆည်မှ မြို့တွင်းရေပေးဝေနိုင်ရန် ယခင်ကဆောင်ရွက်ခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိပါ။ ဟဲထန်ဆည်မှ ရေပေးဝေခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် နောက်ထပ်အမြင့်ပေ ၉ ပေခန့်၊ ရေသိုလှောင်ရန်အတွက် တာပေါင်အမြင့်ရှိသော်လည်းပဲ မြေသားတာပေါင်ဖြစ်နေခြင်း၊ တာပေါင်အောက်ခြေများ ရေစိမ့်ထွက်နေခြင်းတို့ကြောင့် ရေလှောင်နိုင်ခြင်းမရှိခဲ့ပါ။ တာပေါင်များကျိုးပျက်ပါက ရေအလုံးအရင်းဖြင့် ဝင်ရောက်လာပြီး မြို့ရေလွှမ်းမှာ စိုးရိမ်ရပါတယ်။ နှစ်စဉ် မိုးများလျှင် ဆည်ရေများ ရေလျှံပြီးတော့မှ မြို့တွင်းရေဝင်ရောက်ကာ နစ်မြုပ်ခြင်းများ မကြာခဏ ဖြစ်ပေါ်လျက်ရှိပါတယ်။ ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် ရေလွှမ်းခြင်းမဖြစ်ပေါ်စေရန်အတွက် ကျောက်ရိုးစီခိုင်ခန့်သော တာပေါင်ပြုပြင်ခြင်းလုပ်ငန်း၊ ရေလွှဲတံခါးတပ်ဆင်ခြင်း

လုပ်ငန်း၊ ဆည်ရေမြောင်းစနစ်တကျ တည်ဆောက်ပေးခြင်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်သူလူထု ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါခင်ဗျား။ တင်ပြပါပုံကတော့ ဗန်းမောက်မြို့မြေပုံနှင့် ဟဲထန်ဆည်တည်နေရာဖြစ်ပါတယ်။ ယခုပုံကတော့ ဟဲထန်ဆည်ရဲ့ ရေမြောင်းနှင့်တာပေါင်ပုံဖြစ်ပါတယ်။ အခုပုံကတော့ ကျွန်တော်တို့ နားယကာရေလွှဲဆည်ရဲ့ပုံဖြစ်ပါတယ်။ တင်ပြပါပုံကတော့ ဟဲထန်ဆည်ရဲ့ပုံဖြစ်ပြီးတော့မှ ဒါက တာပေါင်ဖြစ်ပါတယ်။ ဒီဟာကတော့ ရေလွှဲမြောင်းဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ မျက်နှာနာကွင်း၊ ကျွဲကောကုန်းကွင်း၊ အောင်သာကုန်းကွင်းတွေကို ရေပို့ဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ မိုးရေကြီးတဲ့အချိန်မှာ ကျွန်တော်တို့ ဗန်းမောက်မြို့ထဲကို ရေဝင်ပြီးတော့မှ ရေလွှမ်းတာဖြစ်ပါတယ်။ ဒါကတော့ ဌာနဆိုင်ရာတွေကို ရေဝင်ပြီးတော့မှ ရေလွှမ်းတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဘဏ်ရုံးထဲကို ရေဝင်ပြီးတော့မှ ရေလွှမ်းနေ တဲ့ပုံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မေးမြန်းလိုသောမေးခွန်းကတော့ ဗန်းမောက်မြို့အနီးမှာရှိတဲ့ ဟဲထန်ဆည်တာပေါင်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ရေလွှဲတံခါးတပ်ဆင်ခြင်း နှင့်ဆည်ရေမြောင်းစနစ်တကျတူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်နှစ်တွင် ဆောင်ရွက်ပေးမည်၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း သိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြား ပေးပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်မှာရှိတဲ့ ဟဲထန်ဆည်ကို လယ်မြေဧက ၁၀၀ စိုက်ပျိုးရေပေးဝေဖို့နှင့် ဗန်းမောက်မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်သုံးခုကို သောက်သုံးရေ ပေးဝေနိုင်ရန် ရည်ရွယ်ပြီးတော့ ၁၉၈၀ ပြည့်နှစ်မှာ ဒေသနေပြည်သူများအစီအစဉ်နဲ့ တည်ဆောက်ခဲ့တဲ့ ဆည်တစ်ခုဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ တာပေါင်မြှင့်ပြုပြင်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ရေထုတ်မြောင်းပြုပြင်ခြင်းလုပ်ငန်းတွေကို တိုင်းဒေသကြီးရန်ပုံငွေနဲ့ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက နည်းပညာနှင့်စက်ယန္တရားများကူညီပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဟဲထန်ဆည်ရေထုတ်ပေါက်ရေတံခါးကို သစ်သားတုံးတပ်ဆင်ဆောင်ရွက်ရတဲ့စနစ်နဲ့ တည်ဆောက်ထားပါတယ်။ ဟဲထန်ဆည်ရေထုတ်မြောင်းကနေပြီး ရေပေးဝေတဲ့မြောင်းနှင့် ရေပိုလျှံလျှင် လွှဲပေးနိုင်တဲ့ ရေလွှဲမြောင်းဆိုပြီး မြောင်းနှစ်မြောင်းခွဲပြီး ရေပေးလွှတ်မှုရှိပါတယ်။ ယခုအခါမှာ အဆိုပါ ရေထုတ်ပေါက်ရေတံခါးဟာ သစ်သားတုံးနဲ့ တပ်ဆင်ဆောင်ရွက်ရတဲ့အတွက်ကြောင့် ရေလုံအောင်ထိန်းသိမ်းနိုင်မှု မရှိပါဘူး။ ရေလွှဲမြောင်းဟာ သဲနုန်းများပို့ချပြီး တိမ်ကောနေခြင်းနဲ့ဆည်ပေါင်ရဲ့အစိတ်အပိုင်းအချို့ နိမ့်ကျခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်တဲ့

အတွက် ရေထုတ်ပေါက်ရေတံခါးကို ဂီယာတပ်ရေတံခါးရွက်နဲ့ ပြုပြင်တည်ဆောက်ပေးပြီး ရေပေးမြောင်းနှင့်ရေလွှဲမြောင်းခွဲထွက်ရာနေရာမှာ ရေထိန်းရေခွဲအဆောက်အအုံတည်ဆောက်ခြင်း၊ ရေလွှဲမြောင်း သဲနုန်းတူးဖော်ခြင်း၊ ဆည်ပေါင်မြှင့်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိတဲ့အလျောက် ခန့်မှန်းကုန်ကျငွေတွက်ချက်မှုအရ ကျပ်သန်းပေါင်း ၆၀ ခန့်ကုန်ကျမည် ဖြစ်ပါကြောင်း စိစစ်တွက်ချက်ရရှိပါတယ်။ သို့ဖြစ်တဲ့အတွက် အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ အတွက် လိုအပ်တဲ့ရန်ပုံငွေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှာ ထည့်သွင်းလျာထားတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိလာပါက ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရဲ့ နည်းပညာနှင့်စက်ယန္တရားများအကူအညီရယူပြီး လုပ်ငန်းများကို ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့်ပြုချက်အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ်ရယူထားမှုများ၌ ကာလအတန်ကြာလုပ်ကိုင်ခဲ့ကြသော မူလတောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့်ပြန်လည်စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးထွန်းထွန်းနိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်မှာ အဆိုတစ်ခုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခွင့်ပြုချက်နဲ့ ကျွန်တော်တင်သွင်းမယ့် အဆို ကတော့ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့် ခွင့်ပြုချက်အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ်ရယူထားမှုများ၌ ကာလအတန်ကြာလုပ်ကိုင် ခဲ့ကြသော မူလတောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည် စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအဆိုကို တင်ရခြင်းရဲ့အကြောင်းအရင်းတွေကတော့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီး ပြည်သူကရွေးချယ်တင်မြှောက်ထားသော အစိုးရတက်လာပြီး သိမ်းဆည်းခံ မြေများအရေးဖြေရှင်းရန် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒီနေရာမှာ ကော်မတီရဲ့နာမည်ကတော့ လယ်ယာမြေနှင့် အခြားမြေများ အခြားမြေများဆိုတဲ့ စကားရပ်ပါပါတယ်။ အဲဒီတော့ မတရားသိမ်းထားတဲ့ မြေမှန်သမျှ

မည်သည့်မြေမဆို ယခုအစိုးရမှဖွဲ့စည်းထားသော လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ဖြင့် ပြန်လည်စိစစ်ဖြေရှင်းပေးရမှာဖြစ်ပါတယ်။ သို့သော်လည်း ယခုလက်ရှိအနေအထားမှာ သစ်တောမြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းတို့နှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ မူဝါဒတွေ၊ ညွှန်ကြားချက်တွေနဲ့ လွှတ်တော်တွင်း ဖြေဆိုရှင်းလင်းချက်တွေဟာ သိမ်းမြေပြန်စစ်ကော်မတီရဲ့ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ထိခိုက်နေတာလားလို့ ဒါကို အောက်မေ့ရပါတယ်။ ဒါကလည်း သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ဦးစီးဌာနတွေမှာရှိတဲ့ အဆင့်ဆင့်သောဝန်ထမ်းများရဲ့ မမှန်မကန်တင်ပြမှုများကြောင့်ဖြစ်ရတယ်လို့ပဲထင်ပါတယ်။ ကျွန်တော်တို့တောင်သူလယ်သမားများအနေဖြင့် ခေတ်အဆက်ဆက် ၎င်းတို့ရဲ့ လယ်ယာမြေများကို သိမ်းဆည်းခံရလို့ပဲဖြစ်ဖြစ်၊ တိုးပွားလာသော လူဦးရေကြောင့်ပဲဖြစ်ဖြစ်၊ လုပ်ကိုင်စားသောက်ရန် မြေယာလိုအပ်ချက်ကြောင့်ပဲဖြစ်ဖြစ် သစ်တောမြေနှင့် မြေလွတ်၊ မြေရိုင်းတွေမှာ ခုတ်ထွင်ရှင်းလင်းပြီး ကာလအတန်ကြာလုပ်ကိုင်စားသောက်နေကြတဲ့ တောင်သူတွေဟာ ကျွန်တော်တို့နိုင်ငံမှာ အများအပြားရှိပါတယ်။ ဒါပေမဲ့ အဲဒီလို လုပ်ကိုင်စားသောက်နေကြတဲ့ တောင်သူများရဲ့ လယ်ယာမြေတွေအပေါ်မှာပဲ ကုမ္ပဏီတွေ၊ လူပုဂ္ဂိုလ်နှင့် ဌာနဆိုင်ရာတွေကို လုပ်ပိုင်ခွင့် ခွင့်ပြုချက်အမျိုးမျိုးချထားပေးခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ တောင်သူလယ်သမားကြီးများဟာ နေရေး၊ ထိုင်ရေးကျူးကျော်မှု၊ အကျိုးဖျက်ဆီးမှု စသည်ဖြင့် ပုဒ်မအမျိုးမျိုးတပ်ခံနေကြသလို ထောင်နန်းစံနေကြတဲ့သူတွေလည်း ရှိနေပါတယ်။ ၎င်းတောင်သူများရဲ့ ဘဝတွေဟာ ယခုအချိန်အထိ ကူကယ်သူမဲ့သူလိုမျိုးဖြစ်နေပါတယ်။ တကယ်တော့ တောင်သူများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုတာ သူတို့ဘဝရဲ့အသက်၊ သူတို့ဘဝရဲ့မျှော်လင့်ချက်အိပ်မက်တွေဖြစ်ပါတယ်။ လုပ်ပိုင်ခွင့်ရထားသူများဟာ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှုအားအလွန်နည်းသည့်အပြင် မြေလက်ဝါးကြီးအုပ်ရန်လည်း သစ်တောသယံဇာတ၊ သဘာဝသယံဇာတများကို ထုတ်ယူရန်အတွက် ရယူလုပ်ကိုင်နေကြခြင်းဖြစ်ပါတယ်။ မူလလုပ်ကိုင်ခဲ့ကြသော တောင်သူများနဲ့ လုပ်ပိုင်ခွင့်ရသူများကြား မျှတမှန်ကန်တဲ့ မှန်ကန်မှုမရှိတဲ့ဖြေရှင်းမှုများရှိနေတဲ့အတွက် မှန်ကန်မျှတသောဖြေရှင်းမှုများပေးနိုင်ရန် ကျွန်တော့်အနေနဲ့ ဒီအဆိုကို တင်ရခြင်းဖြစ်ပါတယ်။

သစ်တောနယ်ထဲမှာရှိတဲ့ သိမ်းမြေအငြင်းပွားမှုတွေကို ကိုင်တွယ်ဖြေရှင်းနေတဲ့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်နေမှုများကို ဥပမာတစ်ခုအနေနဲ့ ကျွန်တော်တို့ ကနီမြို့နယ်မှာ ပါရှူးတောင်ကြိုးဝိုင်းရှိတာကို တင်ပြရမယ်ဆိုရင် ၁၉၉၉ ခုနှစ်၊ ၂၀၀၀ ခုနှစ်လောက်ကတည်းက လုပ်ကိုင်စားသောက်နေကြတဲ့ တောင်သူများဟာ ရာပေါင်းများစွာ ရှိပါတယ်။ ၂၀၀၆-၂၀၀၇ မှာ ကြက်ဆူစီမံကိန်းရောက်လာပြီးတော့ ၎င်းတောင်သူများ လုပ်ကိုင်နေတဲ့ ကြိုးဝိုင်းတေအပေါ်မှာ ကုမ္ပဏီနှင့်ဌာနဆိုင်ရာတွေကို လုပ်ပိုင်ခွင့်ချထားပေးခဲ့ပါတယ်။ အဲဒီလို ချထားပေးခဲ့မှုဖြစ်စဉ်မှာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်ညီ/မညီနှင့် မူလတောင်သူများ၏ အတိဒုက္ခရောက်နေမှုများနှင့်စပ်လျဉ်းပြီး ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ မေးခွန်းမေးမြန်းခဲ့ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်မညီလျှင်၊ တရားစွဲ၍ရလျှင် တရားစွဲမည်ဖြစ်ကြောင်းကိုသာ အမြဲလိုလို ဖြေကြားခဲ့ပေမဲ့ ယခုအချိန်အထိတော့ လုပ်ပိုင်ခွင့်ရသူ ဘယ်သူမှတော့တရားစွဲမခံရသေးပါဘူး။ ဒါပေမဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်ခြင်းမရှိဘဲ လုပ်ပိုင်ခွင့်ရနေသူများဟာ မူလတောင်သူများကို တရားစွဲထောင်ချနေသည့်တိုင် ၎င်းလုပ်ပိုင်ခွင့်ရသူများကို ထပ်မံအကာအကွယ်ပေးရန် ညွှန်ကြားချက်တစ်ခု ထွက်လာပြန်ပါတယ်။ ၎င်းညွှန်ကြားချက်မှာ ကုမ္ပဏီမှ အမှန်တကယ်စိုက်ပျိုးထားသောဧကနှင့် စိုက်ပျိုး ရန်မြေနေရာ ရရှိနိုင်သေးပါက ကြက်ဆူအစားအခြားသစ်ပင်များတစ်မျိုးမျိုး ပြောင်းလဲစိုက်ပျိုးရန်နှင့် စာချုပ်သစ် ပြင်ဆင်ချုပ်ဆိုခွင့်ပြုရန်ဆိုပြီး ပါပါတယ်။ ပထမလုပ်ပိုင်ခွင့်ရဂရန်ပါ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်

အပေါ် ဒုတိယစာချုပ်ချုပ်ဆိုပြီး ၎င်းလုပ်ပိုင်ခွင့်ရသူကို အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ အဲဒီညွှန်ကြားချက်ထဲမှာပဲ မူလတောင်သူများကို ကျူးကျော်သူများအဖြစ်ဖော်ပြထားပြီး သီးနှံ၊ သစ်တောရောနှောစနစ်ဖြင့် CF စိုက်ပျိုးရန်နှင့် လက်မခံပါက သစ်တောမြေအတွင်းမှ မထွက်မချင်းစဉ်ဆက်မပြတ် တရားစွဲဆိုဆောင်ရွက်ရန်ဆိုပြီး ပါရှိပါတယ်။ မိသားစုစားဝတ်နေရေး အတွက် ယခင်အစိုးရအဆက်ဆက်ကတည်းကမှ ထောင်ကျတန်းကျခံပြီး ကုတ်ကပ်လုပ်ကိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ CF စိုက်ပျိုးရလျှင်လည်း ပိုဆင်းရဲပြီးတော့ ပိုအဆင်မပြေရန်သာ ရှိပါတယ်။ သစ်တောနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေကို နိုင်ငံ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံ၏ ၁၀ ရာခိုင်နှုန်းတိုးချဲ့ဖွဲ့စည်းရန် ရည်မှန်းချက်ထား ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အဲဒီလို ရည်မှန်းချက်ထား ဆောင်ရွက်နေမှုများကိုလည်း ကျွန်တော်တို့အနေနဲ့ လက်ခံကြိုဆိုပါတယ်။ သဘာဝသစ်တောကြီးများ အမြန်ပျောက်ကွယ်နေရမှုကို အလျှဉ်းသင့်လို့ပြောရရင် တောင်သူများရဲ့ ခုတ်ထွင်ရှင်းလင်းမှုကြောင့်ဆိုတာ တစ်စိတ်တစ်ဒေသ အားဖြင့်တော့မှန်ကန်သော်လည်း နိုင်ငံတော်၏သစ်တောကြီးများ အလျှင်အမြန်ပျောက်ကွယ်ခဲ့ ရခြင်း၏ အဓိကအကြောင်းကတော့ တရားဝင်ရော၊ တရားမဝင်ပါ သစ်ခုတ်ခွင့်ပေးခဲ့ကြခြင်းကြောင့် ဖြစ်ပါတယ်။ အဲဒီတော့ ဝန်ကြီးဌာနရဲ့ရည်မှန်းချက်ဟာ အိတ်ပေါက်နဲ့ဖားကောက်မဖြစ်ဖို့ လိုအပ် ပါမယ်။ ဒါ့အပြင် သတ်မှတ်ထားပြီး ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေ၊ သဘာဝနယ်မြေတွေလည်း တိုးချဲ့သတ်မှတ်မယ့်သစ်တောမြေတွေဟာ မြေပြင်ပကတိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်ရန် လည်းလိုအပ်မှာဖြစ်ပါတယ်။ မြေပြင်မှာ လယ်ယာမြေနှင့်ရွာမြေတွေဟာ အချိန်ကာလတစ်ခုအထိ ကြာနေပြီဖြစ်သော်လည်း မြေပုံမှာတော့ သစ်တောနယ်မြေဒေသအဖြစ် သတ်မှတ်တည်ရှိနေတာ တွေလည်းများစွာရှိပါတယ်။ သစ်တောသယံဇာတဟာ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ဖြစ်ပါ တယ်။ အဲဒီတော့ ပကတိအခြေအနေမှာ နိုင်ငံသားများအကျိုးအတွက်သင့်လျော်ပါက သစ်တောမြေ အဖြစ်မှလည်းပယ်ဖျက်ရန်လိုပါက ပယ်ဖျက်ပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သစ်တောမြေ နှင့်မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေမှာ လုပ်ကိုင်ခွင့်ပြုတဲ့ပုံစံအမျိုးမျိုးနဲ့ခွင့်ပြုထားရာမှာ ဧက ၂၀၀ အထက်ခွင့်ပြုထားသော ဧကပေါင်း ၃၃ သိန်းကျော်ရှိကြောင်း သိရှိရပါတယ်။ သစ်တောမြေမှာ ခွင့်ပြုထားတဲ့ဧကပေါင်း ၁၀ သိန်းကျော်နဲ့ မြေလွတ်၊ မြေလပ်မှာ ခွင့်ပြုထားတဲ့ဧကပေါင်း ၂၃ သိန်း ကျော်ရှိကြောင်းသိရှိရပါတယ်။ ယခုကဲ့သို့ လုပ်ပိုင်ခွင့်ပြုချက်ရရှိထားသူများအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဖြေရှင်းလျက်ရှိကြောင်းလည်း သိရှိရပါတယ်။ သို့သော် ဘယ်သူတွေက ဘယ်လောက်ထိ မှန်မှန်ကန်ကန်စိစစ်ပေးမလဲ၊ မြေပြင်ပကတိအခြေအနေလိုက်လျောညီထွေဖြစ်ရန် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက်ဖြစ်ထွန်းစေရန် စိစစ်ဆောင်ရွက်မှုများ ဖြစ်ရန်လိုအပ်မှာ ဖြစ်ပါတယ်။

မြေလွတ်၊ မြေရိုင်းထဲမှာ လုပ်ပိုင်ခွင့်ရကုမ္ပဏီတွေဟာလည်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ကိုချိုးဖောက်နေသည့်အပြင် မူလလုပ်ကိုင်နေခဲ့သော တောင်သူများကို အကြိမ်ကြိမ်တရားစွဲဆို ဒုက္ခပေးနေမှုများဟာလည်း ကျွန်တော်တို့မဲဆန္ဒနယ်သာမက အခြားအခြားသောဒေသများမှာလည်း ဖြစ်ပေါ်လျက်ရှိပါတယ်။ ကျွန်တော်တို့စစ်ကိုင်းတိုင်းဒေသကြီးမှာ တောင်သူလယ်သမားနှင့်အလုပ် သမားရေးရာကော်မတီကို ရောက်ရှိလာတဲ့ သိမ်းဆည်းမြေတိုင်ကြားစာတွေထဲမှာ သစ်တောမြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေမှာ မူလလုပ်ကိုင်နေခဲ့တဲ့တောင်သူတွေရဲ့မြေတွေကို သိမ်းဆည်းတာနဲ့ ပတ်သက်ပြီး တိုင်ကြားစာတွေကအများဆုံးဖြစ်ပါတယ်။ သို့သော်လည်း အထက်မှာကျွန်တော်တင်ပြ ခဲ့သလို သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ညွှန်ကြားချက်များနဲ့ ဆောင်ရွက်နေမှုများအား သိမ်းမြေ ပြန်စစ်ရေးကော်မတီရဲ့ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်တွေကို ထိခိုက်နိုင်ပါတယ်။ အလျှဉ်းသင့်လို့ တင်ပြရရင် ကျွန်တော့်မဲဆန္ဒနယ်မှာ သစ်တောမြေတွင်သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး မြို့နယ်

သိမ်းမြေပြန်စစ်ကော်မတီက အမှုပိတ်သိမ်းရန်ဆိုပြီးတော့ လုပ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ အနေနဲ့လက်မခံပါဘူး။ အောက်ခြေသိမ်းမြေပြန်စစ်ကော်မတီတွေဟာ ဆုံးဖြတ်ချက်ချရန်မဟုတ်ဘဲ တွေ့ရှိသုံးသပ်အကြံပြုချက်များ ပေးရန်သာဖြစ်ပါတယ်။ သစ်တောဌာနအနေဖြင့်လည်း မိမိတို့ရဲ့မူဝါဒ တွေကိုအကောင်အထည်ဖော်ရာမှာ သစ်တောမြေအဖြစ်မှ စွန့်လွှတ်သင့်သည့်မြေများကို ပြန်လည် စွန့်လွှတ်ပြီး ပြောင်းလဲတိုးချဲ့သတ်မှတ်ခဲ့သည့်နေရာများကို သစ်တောမြေအဖြစ် ပြောင်းလဲတိုးချဲ့ သတ်မှတ်ပေးခြင်းဖြင့် မိမိတို့၏မူဝါဒများကိုမထိခိုက်သလို တစ်ဖက်မှာလည်း အရှေ့တောင်အာရှမှာ စိုက်ပျိုးမြေအသုံးပြုမှုအနည်းဆုံးဖြစ်နေတဲ့ ကျွန်တော်တို့နိုင်ငံကို ကူညီဖြေရှင်းပေးရာရောက်မှာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ်သစ်တောမြေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေမှာ မူလလုပ်ကိုင်ခဲ့ကြသော တောင်သူများ၏မြေများကို လုပ်ပိုင်ခွင့်ခွင့်ပြုချက်ဂရန်အမျိုးမျိုးဖြင့် သိမ်းဆည်းထားကြတဲ့သူများဟာ ဝန်ကြီးဌာနများရဲ့ မူဝါဒများ၊ ဥပဒေစည်းကမ်းချက်များကိုလိုက်နာမှုမရှိဘဲ မြေလက်ဝါးကြီးအုပ်ရန်နှင့် သစ်တောသယံဇာတ၊ သဘာဝသယံဇာတများကို စည်းကမ်းမဲ့ထုတ်ယူမှုများရှိနေခြင်းကြောင့် လည်းကောင်း၊ အချိန်ကာလကြာရှည်စွာ နစ်နာနေကြသောတောင်သူများအတွက် နစ်နာမှုမရှိစေရေး ဖြေရှင်းပေးနိုင်ရန် အတွက်လည်းကောင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒအခန်း(၃) အခြေခံမူများ အပိုဒ်(၈) အပိုဒ်ခွဲ(ည)တွင်လည်း မြေအသုံးချမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အများ ပြည်သူအကျိုးစီးပွားနှင့် ပုဂ္ဂလိကကုမ္ပဏီတို့၏အကျိုးစီးပွားတို့ ယှဉ်ပြိုင်လာပါက အများပြည်သူ အကျိုးစီးပွားကိုဦးစားပေးရန်ဟု ဖော်ပြချက်များအရလည်းကောင်း၊ သစ်တောမြေနှင့်မြေလွတ်၊ မြေလပ်၊ မြေရိုင်းများပေါ်တွင် လုပ်ပိုင်ခွင့်ဂရန်ချထားသူများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန များမှ မူဝါဒညွှန်ကြားချက်များနှင့် ဆောင်ရွက်ချက်များသည် ၎င်းမြေပေါ်ရှိ သိမ်းဆည်းခံမူလ တောင်သူများအပေါ် နစ်နာမှုများရှိနိုင်သည့်အပြင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ထိခိုက်နိုင်ပါသဖြင့် ယခုအဆိုကို လွှတ်တော်မှလက်ခံဆွေးနွေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းထွန်းနိုင် တင်သွင်းသောအဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာပါ။ ကျွန်တော်က ကသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ကြည်ဖြစ်ပြီးတော့ ကနီမဲဆန္ဒနယ် ဦးထွန်းထွန်းနိုင်တင်သွင်းတဲ့ သစ်တော ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့်ခွင့်ပြုချက် အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ်ရယူထားမှုများ၌ ကာလအတန်ကြာလုပ်ကိုင်ခဲ့ကြသော မူလ တောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ်ဖြေရှင်းပေး နိုင်ပါရန် ပြန်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုဟာ ကျွန်တော်တို့ ကျေးလက်ပြည်သူအများ စုကြီးရဲ့ အကျိုးစီးပွားကို တောင်သူလယ်သမားအများစုကြီးရဲ့ အကျိုးစီးပွားကို တကယ်တမ်းကာကွယ် ရာရောက်မယ်လို့ ကျွန်တော်ယူဆတဲ့အတွက် ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

အဆိုမှာပါတဲ့အထဲမှာ လုပ်ပိုင်ခွင့်ရကုမ္ပဏီကြီးတွေက မြေလက်ဝါးကြီးအုပ်ထားတာတွေ၊ တောင်သူလယ်သမားတွေနဲ့၊ ဌာနဆိုင်ရာ တောင်သူလယ်သမားတွေနဲ့ အုပ်ချုပ်ရေးပိုင်း တောင်သူ လယ်သမားတွေနဲ့ လုပ်ပိုင်ခွင့်ရကုမ္ပဏီကြီးတွေ ပြဿနာဖြစ် ထိပ်တိုက်တွေ့ပြီးတော့မှ တရားစွဲခံရ၊ ထောက်ကျခံရ၊ ဒဏ်ငွေရိုက်ခံရတာက တစ်ကယ်ကို ဖြစ်ခဲ့တာပါ။ အဲဒီတော့ ကျွန်တော်တို့ဆီမှာလည်း ဒါတွေဟာ ဘာကြောင့်ဖြစ်ရသလဲလို့စဉ်းစားကြည့်ရင် ကျေးလက်လူဦးရေတိုးပွားလာပြီးတော့မှ စိုက်

မြေမလုံလောက်တော့တာ။ နောက်တစ်ခုက သစ်တောတွေကို နှစ်ပေါင်းမြောက်မြားစွာ ပစ်စလတ်ခတ် ထိန်းသိမ်းမှုမရှိဘဲနဲ့ လုံလုံလောက်လောက်မထိန်းသိမ်းဘဲနဲ့ပစ်ထားလို့ အကုန်လုံးပြောင်သွား ပါတယ်။

နောက်တစ်ခုက နိုင်ငံက ဆင်းရဲတွင်းနက်သွားတာပါ။ ဒီအကြောင်းတွေပေါင်းဆုံပြီးတော့မှ ဒီပြဿနာတွေ တတ်လာတယ်လို့ ကျွန်တော်ဒီလိုပဲ သုံးသပ်ပါတယ်။ ကျွန်တော်တို့စီမှာဆိုရင် ကသာ မြို့နယ်မှာဆိုလို့ရှိရင် ကမ္ဘာကျော်ရင်းခိုင်းအိမ်တိုင်းကြိုးဝိုင်းကြီး ဧက ၆၆၀၀၀ လောက်ရှိပါတယ်။ ဒီဧက ၆၆၀၀၀ ဟာအခုချိန်သွားကြည့်လိုရှိရင်လျှော့လျှော့ပေါ့ပေါ့ ကျွန်တော်တို့ ၂၀ ရာခိုင်နှုန်း လောက်တောင် အနိုင်နိုင် ကျန်တော့မှာဖြစ်ပါတယ်။ အကုန်လုံးကျွန်တော်တို့ မရှိတော့ပါဘူး။ အဲဒီတော့ ဒါဘာဖြစ်ရသလဲဆိုတော့ နှစ်ပေါင်းမြောက်မြားစွာက ဒါကိုကာကွယ်မှု၊ အဖိုးတန် ဒီသစ်တောရတနာကြီးကို မကာကွယ်တဲ့အတွက် ကွက်လပ်ကြီးတွေဖြစ်သွားရတယ်။ အကုန်လုံး သစ်တောတွေပြောင်သွားရတယ်။ အဲဒီမှာ ကွက်လပ်တွေဖြစ်သွားရတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ကြည် ခဏနေပါ။ အဆိုကို သေသေချာချာလေး လေ့လာပြီးထောက်ခံပါ။ အဆိုက သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့်ရတာတွေကို အဲဒီတော့ မူလတောင်သူများလုပ်ပိုင်ခွင့် ပြန်ရဖို့ လယ်ယာမြေနှင့်အခြားမြေ များ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးက ဖြေရှင်းပေးဖို့အဆိုဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအဆိုနဲ့ ပတ်သက်တဲ့ဟာကိုပဲ ထောက်ခံပါ။ အဆိုနဲ့မပတ်သက်ဘဲနဲ့ ကိုယ်ပြောချင်တာတွေပြောနေရင် ကိုယ်လို ချင်တဲ့အဖြေကို ရမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အဆိုနဲ့ပတ်သက်တာပဲ ထောက်ခံပြီးဆွေးနွေးပေး ပါ။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ အဲဒီမှာ ဘာဖြစ်သလဲဆိုတော့ ဂုန်ဝန်ကြီး တွေဟာ ကျွန်တော်ကုမ္ပဏီနာမည်တော့မပြောတော့ပါဘူး။ လုပ်ပိုင်ခွင့် ဧက ၃၀၀၀၀ လောက် ပေါ့လေ။ ရသွားပြီးတော့မှ သူ့စည်းကမ်းချက်ရှိပါတယ်။ သူ့စည်းကမ်းချက်မှာ ကျွန်တော်တို့ ၂၀၀၇ ခုနှစ်ကနေပြီးတော့မှ ဒါကျွန်တော်တို့ မြေလက်ဝါးကြီးအုပ်တဲ့ကိစ္စကို ဒီအဆိုမှာပါလို့ပါ။ သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ ကျွန်တော်တို့ အဲဒီကုမ္ပဏီကြီးတစ်ခုရဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဒါစာချုပ်လက်မှတ်ထိုးကြတယ်။ ၂၀၀၇ ခုနှစ်က ကြိုးဝိုင်းတောအတွင်း ကြံစိုက်ပျိုးမှုနှင့်စပ်လျဉ်းပြီး ပူးတွဲပါစည်းကမ်းချက်အတိုင်း ဆောင်ရွက်တာဟာ နှစ်ဦးနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုး ကြပါသည်လို့ဆိုပြီးတော့ အဲဒီမှာ ဘာပါသလဲဆိုတော့ အားလုံးလုပ်ခွင့်ရသွားတဲ့အကွက်က ကျွန်တော်တို့ ၅၆ ကွက်၊ ဧက ၃၀၀၀၀ ပါ။ စည်းကမ်းချက်ကလေးက ဘာပါသလဲဆိုတော့ ကြံ၊ သီးနှံစတင်စိုက်ပျိုးပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ တစ်နှစ်ခ မြေငှားခ တစ်ဧကလျှင် ၁၀၀ ကျပ်နှုန်းကို စိုက်ပျိုးသူသည် သစ်တောဦးစီးဌာနသို့ အခွန်တော်ငွေအဖြစ် နှစ်စဉ်ပေးသွင်းရမည်။ ယင်းသို့ပေးသွင်းခြင်းကို နှစ်ကုန်ပြီးတစ်လအတွင်းပေးသွင်းရမည်။ နောက်တစ်ခုက စက်မှုကုန်ကြမ်း သီးနှံစိုက်ပျိုးခွင့်ပြုသည့် မြေနေရာကို ထပ်ဆင့်အငှားချခြင်း၊ လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း မပြုလုပ်ရ။ ကိုယ်တိုင်စိုက်ပျိုးခြင်း မပြုလုပ်ရင် သစ်တောဦးစီးဌာနကို ပြန်လည်အပ်နှံရမည် ဆိုပြီးတော့ ပါပါတယ်။ ပါတော့ ဒီမှာ ကျွန်တော်တို့ လက်တွေ့မှာ အဲဒီအတိုင်းပဲ ဖြစ်သလားဆိုတော့ အဲဒီကျွန်တော်တို့ ကုမ္ပဏီကယူသွားတဲ့မြေတွေကို ကျွန်တော်တို့ နီးစပ်ရာပုဂ္ဂိုလ်တွေကို ပြန်ပြီးတော့မှ သီးစားချထားတဲ့ သက်သေပါ။ ကျွန်တော်တို့ တစ်ခု၊ နှစ်ခုလောက် ကျွန်တော်ပြောပြပါမယ်။ အဲဒီတော့ သူက အဲဒီကုမ္ပဏီရဲ့ ကျွန်တော်တို့ပြေစာဖြတ်ပိုင်းနှင့် အကြောင်းအရာမြေသီးစားငှားရမ်းခ ငွေ ၂၁၂၀၀၀ ၊ တစ်ကွက် ၃၇ ခုနက ကျွန်တော်တို့ စာချုပ်ထဲမှာပါသွားတဲ့အတွက်ပါ။ ဒါကို ကျွန်တော် တို့က စာချုပ်ထဲမှာပါတဲ့အတိုင်း မစိုက်ပျိုးဘဲနဲ့၊ မလုပ်ကိုင်ဘဲနဲ့ ကျွန်တော်တို့ ဒီလိုလုပ်လိုက်တဲ့

အတွက် တိုင်းပြည်ရဲ့အခွန်အခတွေလည်း အများကြီးနာပါတယ်။ သက်ဆိုင်ရာတောင်သူလယ်သမားတွေမှာလည်း ဒီအတိုင်း ကျွန်တော်တို့ လုပ်ချင်တဲ့တောင်သူလယ်သမားတွေ၊ တကယ်ဆင်းရဲတဲ့တောင်သူလယ်သမားတွေလည်း အနားမကပ်နိုင် အဲလိုဖြစ်သွားပါတယ်။ ဒီဟာလေးတွေဟာ ကျွန်တော်တို့ ဘာလဲဆိုတော့ ခုနကအဆိုမှာပါတဲ့အတိုင်း မြေလက်ဝါးကြီးအုပ်တဲ့ကိစ္စပေါ့နော်။ ဆိုတဲ့အခါကျတော့ အဆိုမှာပါတဲ့အတိုင်း ထောင်ကျတာတွေ၊ တန်းကျတာတွေလည်း ကျွန်တော်တို့ဆီမှာ တကယ်တမ်းဖြစ်ခဲ့ ပါတယ်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ သိပ်မကြာသေးပါဘူး။ ကုမ္ပဏီနဲ့ပွတ်တိုက်မှုဖြစ်ပြီးတော့မှ ကုမ္ပဏီကတရားစွဲတယ်။ ဒဏ်ငွေဆောင်လိုက်ရတယ်။ အဲလိုကိစ္စမျိုးတွေဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စတွေကို ရှင်းဖို့အတွက်က၊ ပြေလည်သွားဖို့အတွက်က ကျွန်တော်တို့မှာလယ်ယာမြေဥပဒေ ရှိပါတယ်။ နောက်ကျွန်တော်တို့ သစ်တောနဲ့ပတ်သက်တဲ့ဥပဒေရှိပါတယ်။ ဒါတွေနဲ့တင် ကျွန်တော်တို့ လုံလောက်သလားဆိုတော့ ဒါတွေနဲ့တင် အခုထိသွားနေတော့ ဒီကိစ္စတွေဟာ နောက်လည်းကျွန်တော် ထင်ပါတယ်။ ဖြစ်လာအုံးမှာပါပဲ။ ဒီမြေကိစ္စတွေဟာ ဖြစ်လာမယ်ဆိုတော့ ကျွန်တော်အကြံတစ်ခုပေးချင်တာက ကျွန်တော်တို့ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီကနေပြီးတော့မှ အမျိုးသားမြေအသုံးချမှုမူဝါဒ အဲဒီမှာ ကျွန်တော်တို့ ဗဟိုကော်မတီကနေပြီးတော့မှ ထည့်သွင်းရေးဆွဲထားတဲ့ကိစ္စလေးတွေရှိပါတယ်။ ကျွန်တော် နည်းနည်းကောက်နုတ်ပြီးတော့ဖတ်ပြပါမယ်။ ဥယောစဉ်အနေနဲ့ အပိုဒ် ၅ လက်ရှိကျင့်သုံးလျက်ရှိသည့် မြေအရင်းအမြစ်ဥပဒေများ စီမံခန့်ခွဲမှုအချို့သည် သက်တမ်းအားဖြင့် နှစ် ၁၀၀ ကျော်ရှိခဲ့ပြီဖြစ်ပါသည်။ ယနေ့ခေတ်အခြေအနေများနှင့် ကိုက်ညီဆီလျော်မှု၊ လူထုအကျိုးစီးပွားသယ်ပိုးနိုင်မှု၊ တရားမျှတမှုရှုထောင့်များမှအလေးအနက်ဆန်းစစ်ရန်လိုပါသည်။ အပိုဒ် ၇(ခ) မြေအရင်းအမြစ်မူဝါဒဆိုင်ရာ အရေးကိစ္စများကိုကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် လက်တွေ့ကျသောထီးအရိပ်ဥပဒေတစ်ရပ်ပေါ်ထွက်လာရေးအတွက်သက်ဆိုင်သူများအားလုံး ပေါင်းစပ်ညှိနှိုင်းရေးဆွဲရန်ဆိုပြီးတော့ ပါပါတယ်။ နောက် ကျွန်တော်တို့ အပိုဒ် ၁ အခန်း(၁) ရည်ရွယ်ချက်များဆိုတဲ့အပိုင်းမှာ အပိုဒ် ၆(ခ) နိုင်ငံတော်၏မြို့ပြနှင့် ကျေးလက်နေပြည်သူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ စားနပ်ရိက္ခာဖူလုံရေးအတွက်လည်းကောင်း၊ မြေလုပ်ပိုင်ခွင့်ခိုင်မာစေရန်ဆိုပြီးတော့ ဒီလိုလည်း ကျွန်တော်တို့ ထည့်သွင်းထားပါတယ်။ အပိုင်း ၄ အပိုဒ် ၃၃ မှာ မြေလက်ဝါးကြီးအုပ်သိမ်းမှုဆိုင်ရာကိစ္စများကိုတရားရုံးတွင် အရေးယူနိုင်ရန် တားမြစ်ချက်များချမှတ်ခြင်းဆိုပြီးတော့ ပါပါတယ်။ နောက်အပိုင်း ၁၀ အပိုဒ် ၇၇(က)မှာ နိုင်ငံတော်ရှိ မြေနဲ့သက်ဆိုင်သောတည်ဆဲဥပဒေအားလုံးကို သဟဇာတဖြစ်ရေးအတွက် ဤအမျိုးသားမြေအသုံးချမှုမူဝါဒကို လမ်းညွှန်အဖြစ်အသုံးပြု၍ အမျိုးသားမြေဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်းရမည်ဆိုပြီးတော့မှ ဒီလိုကျွန်တော်တို့ ထည့်သွင်းရေးဆွဲထားတာ အမျိုးသားမြေအသုံးချမှုမူဝါဒမှာ ဒီလိုပဲလုပ်ရပါတယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုတာက အခု ကျွန်တော်တို့မှာလယ်/ပြန်/စစ် ရပ်ကျေးအဆင့်ရှိတယ်၊ မြို့နယ်အဆင့်ရှိတယ်၊ ခရိုင်အဆင့်ရှိတယ်၊ တိုင်းအဆင့်ရှိတယ်၊ ဒါတွေနဲ့လည်း ကျွန်တော်တို့ ဒါလည်းတအားပါပဲ။ သို့သော်လည်း ဒီပြဿနာတွေကို ပြေလည်အောင်ဖြေရှင်းသွားဖို့အတွက်က ခုနကပြောတဲ့ဥပဒေတွေအပြင် အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီက အကြံပေးထားတဲ့ အမျိုးသားမြေဥပဒေအသစ်ပေါ့လေ။ ဒီဥစ္စာရေးဆွဲပြဋ္ဌာန်းနိုင်ရင်ဖြင့်အလွန်ကောင်းပါတယ်လို့ ကျွန်တော်တင်ပြရင်းနဲ့ ဦးထွန်းထွန်းနိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃

မူကြမ်း

အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးထွန်းထွန်းနိုင်၊ ကနီမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅) အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၇-၁၁-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သဘောထားရယူပြီးမှပဲ ကျွန်တော် ဒီအဆိုနဲ့ပတ်သက်တဲ့ကိစ္စပြောပါမယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေ အဆိုတင်တဲ့အခါမှာ ကျွန်တော်အမြဲပြောပါတယ်။ သတိထားဖို့လိုတယ်။ ဒီလိုကိစ္စမျိုးဟာ လယ်ယာမြေနဲ့အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတယ်။ ဒီကိစ္စတွေဖြေရှင်းဖို့ ပြည်ထောင်စုအစိုးရအနေနဲ့ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေး ဗဟိုကော်မတီရှိတယ်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြည်နယ်/တိုင်းဒေသကြီးကော်မတီရှိတယ်။ ခရိုင်ကော်မတီရှိတယ်။ မြို့နယ်ကော်မတီရှိတယ်။ ပြီးရင် ရပ်ကွက်/ကျေးရွာကော်မတီရှိတယ်။ အဲဒီမှာ ကျွန်တော်တို့ကိုယ်စားလှယ်တွေလည်း ပါဝင်ခွင့်ပေးထားတယ်။ ပါဝင်ပေးထားတာကမှ ကော်မတီတစ်ခုမှာ၊ ကော်မတီအဆင့်ဆင့်မှာ တစ်ဦးစီ၊ တစ်ဦးစီပါဝင်ခွင့်ပေးထားတယ်။ ဌာနဆိုင်ရာအဖွဲ့အစည်းတွေလည်းပါတယ်။ မြို့မိမြို့ဖတွေလည်းပါတယ်။ တောင်သူလယ်သမားနဲ့သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေလည်းပါတယ်။ အဲဒီတော့ ဒီနေရာမှာ ပြည်ထောင်စုအစိုးရကို ပြန်လည်စိစစ်ဖြေရှင်းပေးဖို့ဆိုတာထက် ကိုယ်ကိုယ်တိုင်ပါနေတဲ့ကော်မတီတွေက ကိုယ်ကိုယ်တိုင်ထဲထဲဝင်ဝင်မှန်မှန်ကန်ကန် ဖြေရှင်းလေ့လာသုံးသပ်ပေးဖို့ ကိုယ်စားလှယ်တွေက အဓိကပိုကျတယ်။ အဲဒီတော့ ပြည်ထောင်စုအစိုးရအနေနဲ့ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေနဲ့ စိစစ်ရမယ့်မူတွေ၊ အချက်တွေချပေးထားတယ်။ ပြီးရင် ဒီလုပ်ငန်းမှာပတ်သက်တဲ့ မူဝါဒသဘောထားတွေ ချပေးထားတယ်။ အဲဒီစိစစ်ရမယ့်အချက်တွေ၊ မူဝါဒသဘောထားတွေလည်း ကျွန်တော်တို့ကိုယ်စားလှယ်တွေကသိဖို့လိုတယ်။

နောက်တစ်ခုက ကျွန်တော်တို့ကိုယ်စားလှယ်တွေက ကိုယ့်မဲဆန္ဒနယ်မှာရှိတဲ့ ဒီလို မြေယာမှုခင်းတွေကို အမြန်ဆုံးပြီးစီးအောင်လည်း ကိုယ်ကိုယ်၌က ဝီရိယစိုက်ထုတ်ပြီးတော့၊ စိတ်နှစ်ပြီးတော့ လုပ်ပေးဖို့လည်းလိုတယ်။ လွှတ်တော် Section ပြီးလို့ တစ်ခုတစ်ခုနားတယ်။ ကိုယ့်မဲဆန္ဒနယ်မှာ ကိုယ်ဒီလိုမြေယာမှုခင်းတွေကို၊ အငြင်းပွားဖွယ်မှုခင်းတွေကို ကိုယ်ဘယ်လောက်ထိ၊ ဘယ်နှစ်မှုထိ ပြီးစီးအောင်ဆောင်ရွက်ပြီးပြီလဲ ကိုယ့်ကိုယ်ကိုလည်းဆန်းစစ်ဖို့လိုတယ်။ အမှန်က ဒီဟာက ကျွန်တော်တို့ကိုယ်ကိုယ်တိုင်လုပ်ရမယ့်အလုပ်တွေ။ ပြည်ထောင်စုအစိုးရကို ဖြေရှင်းပေးပါဆိုပြီး တိုက်တွန်း

နေရမယ့် အလုပ်မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင်ဖြေရှင်းရမယ့်အလုပ်၊ ကိုယ်ကိုယ်တိုင်လေ့လာသုံးသပ်ဆုံးဖြတ်ရမယ့်အလုပ်။ မှန်မှန်ကန်ကန်ဖြစ်စေချင်လွန်းလို့။ အဲဒါအကုန် ပါထားပြီးပြီ။ အဲဒါ ကျွန်တော် တဖွဖွပြောပါတယ်။ အဲဒါလေးတော့ သတိထားစေချင်တယ်။ ပြီးအောင်လည်းလုပ်ပေးစေချင်တယ်။ အခုနက လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက ချပေးထားတဲ့မူဝါဒတွေ မသိရင်လည်း သိအောင်လုပ်ဖို့လိုတယ်။ စိစစ်ရမယ့်အချက်တွေလည်း ရှိတယ်။ စိစစ်ရမယ့်အချက်တွေလည်း ညွှန်ကြားထားတယ်။ ဘယ်လိုတွေနဲ့စိစစ်ရမယ်။ အဲဒီဟာတွေလည်း မသိရင်လည်းသိအောင်လုပ်ဖို့လိုတယ်။ လက်တွေ့ကျကျလုပ်မှာထက် ကျွန်တော်တို့ ဒီမှာ မေးခွန်းတွေ၊ အဆိုတွေ စကားလုံးပေါင်းထောင်သောင်းထက် လက်တွေ့ကျကျအလုပ်တစ်ခုကို ပီပီပြင်ပြင်လုပ်တာက ပိုပြီးတော့ မဲဆန္ဒရှင်တွေအတွက်၊ ပြည်သူလူထုအတွက် ပိုပြီးတော့ တန်ဖိုးရှိပါတယ်။ အဲဒါလေးတွေကို ကျွန်တော်တို့ဂရုစိုက်ပေးစေချင်ပါတယ်။ ဒါ ခဏခဏပြောနေရတာ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဒါနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့ကိုယ်စားလှယ်တွေ အချိန်ဆိုတာ အကန့်အသတ်ရှိပါတယ်။ အချိန်ကအကန့်အသတ်နဲ့သွားတာပါ။ အဲဒီကန့်သတ်တဲ့အချိန်အကန့်အသတ်အတွင်းမှာ ကိုယ့်အလုပ်ကိုကိုယ် ကိုယ့်မဲဆန္ဒရှင်တွေအကျိုးစီးပွားအတွက် တိတိကျကျလိုက်နာဖို့လိုတယ်။ တိတိကျကျအကောင်အထည်ဖော်ပေးဖို့လည်းလိုအပ်ပါတယ်။ ဒါလေးကိုတော့ ဂရုစိုက်ပြီးကြိုးစားပေးစေလိုတယ်။ ကျွန်တော် ဒီကိစ္စက ခဏခဏပြောရတယ်။ ပြောတဲ့သူသာ အာပေါက်ရင်အာပေါက်မယ်။ မေးခွန်းနဲ့အဆိုတွေကတော့ ဒီလိုပဲလာနေတယ်။ ကျွန်တော်လည်း မစဉ်းစားတတ်တော့ဘူး။ အဲဒါလေးတွေတော့ ဂရုစိုက်ပေးကြပါ။ ကျွန်တော်တို့ ကိုယ်စားလှယ်များ အားလုံးကို ကျွန်တော့်အနေနဲ့ အထူးမေတ္တာရပ်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကတင်သွင်းသည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းတဲ့ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ၁၇-၁၀-၂၀၁၇ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၀-၁၀-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန်တောင်းခံခဲ့ရာ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ကြပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း သဘောတူကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို

ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင့်နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၁း၂၂။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၂၂ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ (၆.၁၁.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးကံမြင့်
(သရက် မဲဆန္ဒနယ်)



ဦးအောင်ကျော်လွင်
(စေတုတ္တရာ မဲဆန္ဒနယ်)



ဦးစိုင်းကျော်မိုး
(မိုင်းပန် မဲဆန္ဒနယ်)



ဒေါက်တာ လှမိုး
(အောင်မြေသာစံ မဲဆန္ဒနယ်)



ဦးအောင်ကျော်ဖုံ
(ပေါက်တော မဲဆန္ဒနယ်)



ဦးကျော်စိုး
(ဗန်းမောက် မဲဆန္ဒနယ်)



ဦးကျော်မျိုး
( ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဒုဝန်ကြီး)



ဦးလှကျော်
( စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဒုဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်